ကြေးမုံ
The Mirror Daily
၁၉၅၇ ပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 13 September 2023 ၁၁၂၁၇

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မုံရွာမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါမျိုးစုံစိုက်ပျိုးသီးနှံ ၁၅၉၉၇ ဧက စိုက်ပျိုးပြီးစီး

## ရာနှုန်းပြည့် ကျော်လွန်စိုက်ပျိုးပြီးစီးကာ တစ်ဧကပျမ်းမျှ ပိဿာ ၅၈၀ ကျော်ထိထွက်ရှိအောင် ပြင်ဆင်စိုက်ပျိုးထား



မုံရွာ စက်တင်ဘာ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါမျိုးစုံစိုက်ပျိုးသီးနှံ ၁၅၉၉၅ ဧကကို ဖေဖော်ဝါရီလ ပထမပတ်ကစတင်၍ လျာထားစိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၅၉၉၇ ဧကအထိ လျာထားဧကထက် ကျော်လွန်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မုံရွာမြို့မှာ ဝါမျိုးစုံစိုက်ပျိုးသီးနှံ ၁၅၉၉၅ ဧကကို လျာထားစိုက်ပျိုးခဲ့ပါတယ်။ လျာထားချက်အတိုင်း ပြည့်မီအောင်စိုက်နိုင်ဖို့၊ လိုအပ်တဲ့မြေဩဇာများ အသုံးပြုစိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့အကူအညီတွေနဲ့ နည်းပညာတွေကို စိုက်ပျိုးရေးဦးစီးဌာနက ကြိုတင်ကွင်းဆင်းဆောင်ရွက်ပေးခဲ့တယ်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍

**ယနေ့ ဖတ်စရာ**

**ရောဝတီ တိုင်းဒေသကြီး အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးငယ်များ၊ သက်ကြီး ဘိုးဘွားများ၊ စေတနာ့ဝန်ထမ်း အဖွဲ့ အစည်းများကို ထောက်ပံ့ကြေး ပေးအပ်**

စာမျက်နှာ » ၁၀



**အမေရိကန်နိုင်ငံက ဆီးရီးယားနိုင်ငံရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့များ ခိုးထုတ်ရန် ရည်ရွယ်ချက်ဖြင့် စစ်စခန်းများကို တည်ဆောက်ခဲ့**

စာမျက်နှာ » ၁၃



**လူငယ်ထု ပြုစုပျိုးထောင်ရေး လုပ်ငန်းစဉ်များ ရှင်သန်အနှစ်သာရ ရှိကြစေချင်**

ဆောင်းပါး စာမျက်နှာ » ၁၆

**ဘင်္ဂလားပင်လယ်အော်၌ လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နိုင်**

နေပြည်တော် စက်တင်ဘာ ၁၂

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတို့တွင် နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

**မှတ်သားဖွယ်ရာ မိုးရေချိန်များ**

နေပြည်တော် စက်တင်ဘာ ၁၂

| | | |
|---|---|---|
| မုဒုံ | ၆ ဒသမ ၃၄ | လက်မ |
| သထုံ | ၅ ဒသမ ၄၇ | လက်မ |
| ချောင်းဆုံ | ၅ ဒသမ ၃၁ | လက်မ |
| ပိုင်ကျုံ | ၄ ဒသမ ၀၀ | လက်မ |
| ကော့ကရိတ် | ၃ ဒသမ ၉၈ | လက်မ |
| ဘားအံ | ၃ ဒသမ ၈၆ | လက်မ |

ကြေးမုံ

# လိမ်လည်လှည့်ဖြားမှုများ ကာကွယ်တိုက်ဖျက်

စက်တင်ဘာလ ၁၃ ရက်နေ့သည် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ဖြစ်သည်။ လူကုန်ကူးမှုဆိုသည်မှာ တစ်ဦးဦးသည် အခြားတစ်ဦးတစ်ယောက်ကို သဘောတူညီချက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ သိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ခိုလှုံခွင့်ပေးခြင်း၊ လက်ခံပေးခြင်းတို့ကို ဆိုလိုသည်။ တစ်နည်းဆိုလျှင် ကျားမကြီးငယ်မရွေး တစ်ဦးတစ်ယောက်ကို ပြည့်တန်ဆာပြုခြင်း၊ ကျေးကျွန်ပြုခြင်း၊ လုပ်အားအမြတ်ထုတ်ခြင်း၊ နှောင်ဖွဲ့စေခိုင်းခြင်း၊ ခန္ဓာကိုယ်အစိတ်အပိုင်းများထုတ်ယူခြင်း၊ ရောင်းချခြင်းတို့သည် လူကုန်ကူးမှုလက္ခဏာများဖြစ်သည်။

တစ်ချိန်သောကာလက လက်နက်အားကိုးအင်အားသုံး၍ လူတို့ကိုအဓမ္မဖမ်းဆီးပြီး ကျေးကျွန်အဖြစ်အနိုင်ကျင့်သောအမှုကို ပြုလုပ်ခဲ့ကြရာမှ မျက်မှောက်ကာလတွင် အားနည်းသောသူတို့အား လိမ်လည်လှည့်ဖြား သွေးဆောင်ခေါ်ယူရောင်းချပြီး ကျေးကျွန်သဖွယ် အဓမ္မစေခိုင်းသောအမှုတို့ကို ပြုလုပ်ကြသည်။ လူအချင်းချင်း လှည့်ဖြားသိမ်းသွင်း၍ လွှဲပြောင်းရောင်းဝယ်ကြသည့် လူမဆန်သော စက်ဆုပ်ဖွယ်အမှုများဖြစ်သည်။ လူကို ကုန်ပစ္စည်းကဲ့သို့သဘောထားကာ ခေါင်းပုံဖြတ်အမြတ်ထုတ်သောလုပ်ငန်းများသည် မျက်မှောက်ကာလတွင် နည်းပညာကို အသုံးချ၍ ဂိုဏ်းသဖွယ်အင်အားကြီးမားလာရာ အမျိုးသားရေးတာဝန်အဖြစ် ဝိုင်းဝန်းဆန့်ကျင်တိုက်ဖျက်ကြရမည်ဖြစ်သည်။

လူကုန်ကူးမှုသည် ကမ္ဘာပေါ်တွင် အလျင်မြန်ဆုံး အင်အားကြီးထွားလာသော ရာဇဝတ်မှုဖြစ်လာသည်။ နှစ်စဉ် လူသားများအား လူကုန်ကူးခြင်းလုပ်ငန်းများမှ အမေရိကန်ဒေါ်လာ ၅ ဘီလီယံမှ ၉ ဘီလီယံအတွင်းရရှိကြသည်ဟု ခန့်မှန်းထားသည်။ ဥရောပကောင်စီသည် လူကုန်ကူးခြင်းမှ ကမ္ဘာ့အနှံ့ဈေးကွက်တွင် အမေရိကန်ဒေါ်လာ ၄၂ ဒသမ ၅ ဘီလီယံဖြင့် ပြီးခဲ့သည့်ဆယ်စုနှစ်အတွင်း ကြီးမားသောပမာဏသို့ ရောက်ရှိခဲ့သည်ဟု ဆိုထားသည်။ ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၁၂၇ နိုင်ငံမှ လူဦးရေ ၂ ဒသမ ၅ သန်းနီးပါး လူကုန်ကူးခံရသည်ဟု ကုလသမဂ္ဂက ခန့်မှန်းထားသည်။ အမေရိကန်နိုင်ငံတွင် လူကုန်ကူးခံရသောအမှုများအနက် ၈၀ ရာခိုင်နှုန်းကျော်မှာ လိင်မှုကိစ္စဖြင့် လူကုန်ကူးခံရခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

လူကုန်ကူးမှုပြဿနာအမျိုးမျိုးသည် ဆင်းရဲသောနိုင်ငံများ၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင်လည်း ဖြစ်ပွားလေ့ရှိပြီး နိုင်ငံဖြတ်ကျော် လူကုန်ကူးမှုများ ကြီးထွားလာသည်။ မြန်မာနိုင်ငံတွင်လည်း လူကုန်ကူးမှုပြဿနာများမှာ မြင့်မားနေဆဲဖြစ်ပြီး အထူးသဖြင့် တစ်ဖက်နိုင်ငံများသို့ လိမ်လည်လှည့်ဖြား အဓမ္မပို့ဆောင်မှုများ ဖြစ်ပေါ်လျက်ရှိပြီး လူကုန်ကူးမှုတားဆီးနှိမ်နင်း တိုက်ဖျက်ရေးအဖွဲ့များက ဖမ်းဆီးရမိအပြစ်ပေးမှုများကို နေ့စဉ်တွေ့မြင်နေရသည်။ ပြီးခဲ့သည့်လပိုင်းအတွင်းက တရုတ်၊ ထိုင်း၊ မြန်မာ၊ လာအို လေးနိုင်ငံမှ ရဲတပ်ဖွဲ့များ ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် အစည်းအဝေးကျင်းပ၍ ဆက်သွယ်ရေး အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားရာဇဝတ်မှုများ၊ ယင်းမှတစ်ဆင့် ပေါ်ပေါက်လာသော လူကုန်ကူးမှု၊ ပြန်ပေးဆွဲမှု၊ တရားမဝင်ဖမ်းဆီးမှု စသည့်ရာဇဝတ်မှုများကို အထူးပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့ကြသည်။ မျက်မှောက်ကာလတွင် ပြစ်မှုကျူးလွန်သူများသည် အကျဉ်းအကျပ်ရောက်၍ အားကိုးရာမဲ့နေသူများ သို့မဟုတ် အလုပ်ကောင်းရမည်ဟူသောကတိများ သို့မဟုတ် အခြားအခွင့်အလမ်းမက်လုံးများကို လူကိုယ်တိုင်သော်လည်းကောင်း၊ အွန်လိုင်းပေါ်မှသော်လည်းကောင်း လှည့်ဖြားသွေးဆောင်ပြီး သားကောင်များဖြစ်လာသည့်အခါ လိင်ကျေးကျွန် သို့မဟုတ် အလုပ်ကျေးကျွန်များအဖြစ် ငှားရမ်းခြင်း၊ ရောင်းဝယ်ခြင်းဖြင့် အကျိုးအမြတ်များရလာကြသည်။ လူကုန်ကူးမှုကို အစိုးရများက ထိရောက်စွာတိုက်ဖျက်လာသောအခါ လူတို့ကိုစည်းရုံးသိမ်းသွင်းပြီး အငှားမယားအဖြစ်ဆောင်ရွက်ခြင်း၊ ကလေးမွေးစားခြင်းတို့ အသွင်ပြောင်းလုပ်ကိုင်လာသည်ကို ကြုံတွေ့လာရသည်။ မည်သို့ပင်ဖြစ်စေ လူကုန်ကူးမှုကို နိုင်ငံအချင်းချင်း လက်တွဲပူးပေါင်းတိုက်ဖျက်မှုများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နေပြီဖြစ်၍ ဖမ်းဆီးအရေးယူခံရပါက ထိရောက်သောပြစ်ဒဏ်များ ခံကြရမည်ဖြစ်သည်။

၂၀၂၃ ခုနှစ် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အား လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်၊ လူကုန်ကူးမှုဆိုင်ရာအသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်၊ လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်သွားရန်နှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်ဟူသည့် ရည်ရွယ်ချက်(၄)ရပ်ကို ချမှတ်ထားရာ လူကုန်ကူးမှုကို ထိရောက်စွာတိုက်ဖျက်နိုင်ရန်အတွက် အားလုံးလက်တွဲပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ အွန်လိုင်းပေါ်မှ လိမ်လည်မှုနှင့် လူကုန်ကူးမှုပြဿနာကို မြန်မာနိုင်ငံအပါအဝင် နိုင်ငံအများကြုံတွေ့နေရသဖြင့် ထိရောက်စွာ တိုက်ဖျက်နိုင်ရေးအတွက် ဆက်သွယ်ရေးကွန်ရက်အသုံးပြုမှုများကို လွှမ်းခြုံစောင့်ကြည့်ပြီး အချင်းချင်းလက်တွဲချိတ်ဆက်၍ အမျိုးသားရေးအသွင် ထမ်းရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## သာယာဝတီမြို့နယ်၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

**သာယာဝတီ စက်တင်ဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်တွင် စက်တင်ဘာ ၁၃ ရက်တွင် ကျရောက်မည့် ကောဒသမအကြိမ်မြောက် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် အမှတ်(၂) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး တပ်ဖွဲ့စိတ်(သာယာဝတီ)မှ ဦးဆောင်၍ စံရွှေကျေးရွာအုပ်စု အထက(ခွဲ) စံရွှေကျောင်းခန်းမ၌ ယနေ့နံနက် ၁၀ နာရီက လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပသည်။



အဆိုပါဟောပြောပွဲတွင် တပ်ဖွဲ့စိတ်(သာယာဝတီ)မှ တပ်ဖွဲ့စိတ်မှူး ရဲအုပ်ဥက္ကာသွင်က လူကုန်ကူးခံရခြင်းတွင် အများဆုံးဖြစ်ပွားလေ့ရှိသော ပုံစံများ၊ လူကုန်ကူးခြင်းခံရပါက ဆက်သွယ်ဆောင်ရွက်ရမည့် အကြောင်းအရာများ၊ Social Media အသုံးပြု၍ နည်းမျိုးစုံဖြင့် စည်းရုံးနေမှုများကို သတိပြုဆင်ခြင်နိုင်ရေး၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဥပဒေပါ အကြောင်းအရာများနှင့် ပတ်သက်၍ အသိပညာပေးဟောပြောခဲ့ပြီး ကျောင်းသား ကျောင်းသူများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၂ ရက်က စဉ့်ကူးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်နီချစ်၊ မြို့မရဲစခန်းမှူး ဒုရဲမှူးမောင်မောင်စိန်တို့၏ လမ်းညွှန်မှုဖြင့် ရဲတပ်ဖွဲ့ဝင်အင်အား ၅၀ တို့ စုပေါင်း၍ စဉ့်ကူးမြို့ အခြေခံပညာအထက်တန်းကျောင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

မြို့နယ်(ပြန်/ဆက်)





(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တနင်္သာရီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ခင်ကျော် ဦးဆောင်၍ တိုင်းဒေသကြီး/ခရိုင်/ မြို့နယ်တပ်ဖွဲ့ဝင်များက ထားဝယ်မြို့ ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

ငွေဇင်ယော်(ထားဝယ်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၂ - ၉ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၀၀၀ | ၉,၀၀၀ | ၃၉၂ | ၃,၅၂၈,၀၀၀ |
| MTSH | ၃,၁၀၀ | ၃,၁၅၀ | ၁,၀၀၄ | ၃,၁၁၂,၅၅၀ |
| MCB | ၇,၅၀၀ | ၇,၃၀၀ | ၉၆၂ | ၇,၁၂၂,၀၀၀ |
| FPB | ၁,၇၀၀ | ၁,၇၀၀ | ၃၃၉ | ၅၇၆,၃၀၀ |
| TMH | ၂,၃၅၀ | ၂,၃၅၀ | ၀ | ၀ |
| EFR | ၂,၃၀၀ | ၂,၃၀၀ | ၁၃ | ၂၉,၉၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၃၀၁ | ၁,၄၇၄,၉၀၀ |
| MAEX | ၁,၈၀၀ | ၁,၈၀၀ | ၂၂၂ | ၃၉၉,၆၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ကောဒသမအကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်ထံမှ ပေးပို့သည့်သဝဏ်လွှာ

(၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်)

လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ကာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန် စက်တင်ဘာလ ၁၃ ရက်နေ့ကို မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အဖြစ် ၂၀၁၃ ခုနှစ်မှ စတင်သတ်မှတ်ခဲ့ရာ ယခုအခါ ကောဒသမအကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့သို့ ကျရောက်ခဲ့ပြီဖြစ်ပါသည်။

လူကုန်ကူးမှုသည် လူသားအချင်းချင်း စာနာမှုကင်းမဲ့စွာဖြင့် ခေါင်းပုံဖြတ် အမြတ်ထုတ်သောလူ့အခွင့်အရေးချိုးဖောက်မှုတစ်ရပ် ဖြစ်ပါသည်။ လူ့အခွင့်အရေးနှင့် ဂုဏ်သိက္ခာကို ခြိမ်းခြောက်ရုံသာမက လူ့အဖွဲ့အစည်းကိုလည်း ထိခိုက်စေနိုင်ပါသည်။ လူကုန်ကူးသူများသည် ဘဝရပ်တည်ရန် ခက်ခဲနေသော အခြေအနေကို အခွင့်အရေးတစ်ရပ်အဖြစ် အသုံးချလျက်ရှိပါသည်။ လက်ရှိကာလတွင် ကမ္ဘာ့နိုင်ငံများက လူကုန်ကူးမှုများအား နိုင်ငံဖြတ်ကျော် မှုခင်းအမျိုးအစားတစ်ရပ်အဖြစ် လက်ခံထားကြပြီး နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းအားထုတ်တားဆီးကာကွယ်နေကြသော်လည်း ဖြစ်ပွားမှုမြင့်မားနေဆဲပင်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ၂၀၀၀ ပြည့်နှစ်တွင် ပြဋ္ဌာန်းခဲ့သော နိုင်ငံဖြတ်ကျော် အုပ်စုဖွဲ့ မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (United Nations Convention against Transnational Organized Crime) (UNCTOC) နှင့် နောက်ဆက်တွဲစာချုပ်ဖြစ်သည့် အမျိုးသမီးနှင့် ကလေးသူငယ်များအပေါ် အထူးပြုသော လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးနှင့် ပြစ်ဒဏ်ပေးရေးဆိုင်ရာစာချုပ် (Protocol to Prevent, Suppress and Punish Trafficking in Persons, Especially Women and Children)၊ ကုန်းလမ်း၊ ရေလမ်းနှင့် လေကြောင်း အသုံးပြု၍ ရွှေ့ပြောင်းသွားလာသူများအား မှောင်ခိုပို့ဆောင်မှုဆိုင်ရာစာချုပ် (Protocol against the Smuggling Of Migrants by Land, Sea and Air) တို့ကို ၂၀၀၄ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင်လည်းကောင်း၊ လူကုန်ကူးခြင်း အထူးသဖြင့် အမျိုးသမီးနှင့် ကလေးသူငယ်များအပေါ် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံကွန်ဗင်းရှင်း (ASEAN Convention Against Trafficking in Persons Especially Women and Children–ACTIP)ကို ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့တွင်လည်းကောင်း အတည်ပြုလက်မှတ်ရေးထိုးခဲ့ပါသည်။

ထို့အပြင် မဲခေါင်ဒေသတွင်း နိုင်ငံများဖြစ်သော ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်(၆)နိုင်ငံပါဝင်သော မဲခေါင်မြစ်ဝှမ်းဒေသအတွင်း လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ (Memorandum of Understanding on Cooperation against Trafficking in the Greater Mekong Sub–Region)(COMMIT MoU) ကို ၃၀–၃–၂၀၀၄ ရက်နေ့တွင် လည်းကောင်း၊ တရုတ်၊ ထိုင်း၊ လာအို၊ အိန္ဒိယနိုင်ငံတို့နှင့် နှစ်နိုင်ငံအကြား လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများကို လည်းကောင်း လက်မှတ်ရေးထိုးခဲ့ပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုယန္တရားများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံဝန်ကြီးအဆင့်အစည်းအဝေး (ASEAN Ministerial Meeting on Transnational Crime – AMMTC)၊ နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးအဆင့်အစည်းအဝေး(Senior Officials Meeting on Transnational Crime – SOMTC)နှင့် အာရှ–ပစိဖိတ်ဒေသဆိုင်ရာ ဘာလီလုပ်ငန်းစဉ် (Bali Process)စသည့် ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေးယန္တရားများတွင်လည်း တက်ကြွစွာပူးပေါင်းပါဝင်လျက်ရှိပြီး အဆိုပါယန္တရားများ၏ Policy Guideline များနှင့်အညီ နိုင်ငံအဆင့်၊ ဒေသအဆင့် ဦးစားပေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ဦးဆောင်၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် လူကုန်ကူးမှုကြိုတင်ကာကွယ်ရေး၊ လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်ရေးနှင့် လူကုန်ကူးမှု မှုခင်းများအား တရားစွဲဆိုရေးလုပ်ငန်းများကို (၅)နှစ်စီမံကိန်းများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုအခါ မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ စတုတ္ထ(၅)နှစ်စီမံကိန်း (၂၀၂၂–၂၀၂၆)ကို ဟန်ချက်ညီညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသားများသည် အခမဲ့လုပ်အားခိုင်းစေမှု၊ လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှု၊ အဓမ္မလက်ထပ်ထိမ်းမြားမှု စသည့် လူကုန်ကူးမှုပုံစံများဖြင့် ပြည်တွင်းအပါအဝင် အိမ်နီးချင်းနိုင်ငံများနှင့် အခြားနိုင်ငံများသို့ နှစ်စဉ်လူကုန်ကူးခြင်းခံနေရပါသည်။ ပြည်တွင်းအလုပ်အကိုင်ရှားပါးမှု၊ လုပ်ခလစာနည်းပါးမှုအပါအဝင် ဘဝရပ်တည်ရန် ခက်ခဲသည့် အခြေအနေများကြောင့် ပြည်ပနိုင်ငံအသီးသီးသို့ တရားဝင်/တရားမဝင် ရွှေ့ပြောင်းသွားလာလုပ်ကိုင်ကြရာမှ ပွဲစားများ၏ မက်လုံးပေးစည်းရုံးမှုကြောင့်လည်းကောင်း၊ တရားဝင်အလုပ်သမားစေလွှတ်ရန် သဘောတူညီချက် လက်မှတ်ရေးထိုးထားခြင်းမရှိသော နိုင်ငံများသို့ တရားမဝင်ပို့ဆောင်ခံရခြင်းကြောင့်လည်းကောင်း လုပ်အားခေါင်းပုံဖြတ်မှုနှင့် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ် အမြတ်ထုတ်မှုတို့ကိုခံနေကြရပါသည်။ မြန်မာနိုင်ငံသည် Online ကို အသုံးပြု၍ လိမ်လည်မှုကျူးလွန်ရန်အလို့ငှာ အဓမ္မစေခိုင်းမှုများကို လတ်တလော ရင်ဆိုင်ကြုံတွေ့နေရပြီး အခြားနိုင်ငံများမှ နိုင်ငံသားများလည်း အဆိုပါဖြစ်စဉ်များတွင် ပါဝင်လာသည့်အတွက် တားဆီးထိန်းချုပ်နိုင်ရန် အလေးအနက်ထားဆောင်ရွက်လျက်ရှိပါသည်။

လူကုန်ကူးမှုနှင့်စပ်လျဉ်းပြီး ပြည်သူလူထုအကြား ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ Billboard နှင့် ပိုစတာများစိုက်ထူခြင်း၊ Talk Show များပြုလုပ်ခြင်း၊ နိုင်ငံပိုင်သတင်းမီဒီယာများမှ အသိပညာပေးဇာတ်လမ်းတိုများ ထုတ်လွှင့်ပြသခြင်း၊ အဝေးပြေးကားဂိတ်များ၊ ခရီးသည်တင်မော်တော်ယာဉ်များတွင် လူကုန်ကူးမှုအသိပညာပေး Sticker များကပ်ခြင်း၊ တယ်လီဖုန်းအော်ပရေတာများမှတစ်ဆင့် အများပြည်သူသိရှိနိုင်ရေး SMS များပေးပို့ခြင်း စသည့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

လူကုန်ကူးမှုများ၊ လူကုန်ကူးခံရသူများနှင့် စပ်လျဉ်း၍ (၂၄)နာရီ သတင်းပေးတိုင်ကြားနိုင်သည့် Hot Line ဖုန်းများကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မူဆယ်တို့တွင် တပ်ဆင်ခဲ့ပြီး လူကုန်ကူးမှုများကို အချိန်နှင့်တစ်ပြေးညီ ဖော်ထုတ်ခြင်း၊ အရေးယူခြင်းနှင့် ကယ်တင်ခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ရွှေ့ပြောင်းသွားလာမည့် အလုပ်သမားများနှင့် ၎င်းတို့၏မိသားစုဝင်များအား သတင်းအချက်အလက်များ မျှဝေနိုင်ရန်နှင့် အသိပညာပေးနိုင်ရန် ရွှေ့ပြောင်းလုပ်သားများအား ထောက်ပံ့ကူညီပေးရေးဆိုင်ရာ ဗဟိုဌာနများ ဖွင့်လှစ်ပြီး အသိပညာများ မျှဝေဖလှယ်ပေးလျက်ရှိပါသည်။

ကာကွယ်စောင့်ရှောက်ရေးအနေဖြင့် "လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အမျိုးသားအဆင့် စံလုပ်ငန်းအစီအစဉ်" နှင့်အညီ လူကုန်ကူးခံရသူများအား ခရီးစရိတ်၊ ဆေးကုသစရိတ်နှင့် ကျွေးမွေးစရိတ်များထောက်ပံ့ပေးခြင်း၊ ဘဝပြန်လည်ထူထောင်နိုင်ရန်နှင့် ရပ်တည်နိုင်ရန်တို့အတွက် တစ်ဦးချင်းလိုအပ်ချက်များကို ထောက်ပံ့ပေးခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိပါသည်။ လူကုန်ကူးခံရသူများအား မြဝတီ၊ မူဆယ်၊ ကော့သောင်း၊ မန္တလေး၊ ရန်ကုန် စသည့်မြို့များရှိ ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာများတွင် ယာယီလက်ခံစောင့်ရှောက်ထားစဉ် အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းထောက်ပံ့ပေးခြင်း၊ ကျန်းမာရေးဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ စောင့်ရှောက်မှုပေးခြင်းတို့တွင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် စပ်လျဉ်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စတုတ္ထ(၅)နှစ်စီမံကိန်း (၂၀၂၂–၂၀၂၆)၏ လုပ်ငန်းကဏ္ဍ(၄)ရပ်ဖြစ်သော မူဝါဒနှင့် ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ(Policy and Cooperation)ပါ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ် (၂၃)ခု၊ ကြိုတင်ကာကွယ်ရေးကဏ္ဍ (Prevention)ပါ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်(၁၆)ခု၊ တရားစွဲဆိုရေးကဏ္ဍ(Prosecution)ပါ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ် (၂၀)ခု၊ ကာကွယ်စောင့်ရှောက်ရေးကဏ္ဍ (Protection) ပါ အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစဉ် (၂၅)ခုတို့ကိုလည်း ထိရောက်အောင်မြင်စေရန်အတွက် ဟန်ချက်ညီညီ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

ယခု ၂၀၂၃ ခုနှစ် ကောဒသမအကြိမ်မြောက် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ ဆောင်ပုဒ်ဖြစ်သော **"လူကုန်ကူးခံရသူတိုင်းကို ဖော်ထုတ်သတ်မှတ်ပြီး ကာကွယ်စောင့်ရှောက်မှုရရှိဖို့ ဆောင်ရွက်ကြပါစို့"**ဆိုသည့်အတိုင်း လူကုန်ကူးခံရသူ ဗဟိုပြုသည့် စုံစမ်းစစ်ဆေးခြင်းနှင့် လူကုန်ကူးခံရသူ ဟုတ်/ မဟုတ် စိစစ်ခြင်း၊ လူကုန်ကူးခံရသူများအား အပြည့်အဝကာကွယ်စောင့်ရှောက်မှုပေးခြင်းတို့ဖြင့် လူကုန်ကူးမှုများ လျော့နည်းကျဆင်းစေရန် ထိန်းချုပ်နိုင်မည်ဟု ယုံကြည်ပါကြောင်း သဝဏ်လွှာပေးပို့အပ်ပါသည်။




## ၂၀၂၃ ခုနှစ်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ရည်ရွယ်ချက်(၄)ရပ်

- လူကုန်ကူးမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- လူကုန်ကူးမှုဆိုင်ရာအသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ ဗန်းမော်တက္ကသိုလ်သင်ကြားရေးဝန်ထမ်းများနှင့်တွေ့ဆုံ ပြည်သူ့ဆေးရုံ၌ ဆေးဝါးကုသမှုခံယူနေသော လူနာများအား သွားရောက်တွေ့ဆုံအားပေး

**ဗန်းမော် စက်တင်ဘာ ၁၂**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူသည် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ဗန်းမော်မြို့ မြို့တော်ခန်းမ၌ ခရိုင်အတွင်းရှိ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ ကုန်သည်လုပ်ငန်းရှင်များ၊ MSME လုပ်ငန်းရှင်များ၊ ပရဟိတအသင်းအဖွဲ့များ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။



**ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်**

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်ဒွဲဘူက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စားရေရိက္ခာဖူလုံရေး၊ ပြည်တွင်းထုတ်ကုန်များ တိုးတက်မြင့်မားရေး MSME လုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်ပေးရေး၊ ကျန်းမာကြံ့ခိုင်ပြီး ပညာရည်ပြည့်ဝသော၊ ဗလငါးတန်နှင့် ပြည့်စုံသော အနာဂတ်လူငယ်များ လေ့ကျင့်မွေးထုတ်ပေးနိုင်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေး၊ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းမှုရရှိရေးနှင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးကိုအလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ဗန်းမော်ဒေသခံပြည်သူများ အနေဖြင့်လည်း မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ ပြည်နယ်အစိုးရအဖွဲ့နှင့်အတူ မိမိတို့ပြည်သူတစ်ဦးချင်းစီက အတူတကွ ဝိုင်းဝန်းပူးပေါင်း ကြိုးစားဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များကို တင်ပြကြရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆောင်ရွက်သွားမည့် အစီအမံများကို ပြန်လည်ရှင်းလင်းတင်ပြကြသည်။

**ဖြည့်ဆည်းဆောင်ရွက်**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ဖြည့်စွက်ရှင်းလင်းပြောကြားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က တစ်ဦးချင်း၊ အသင်းအဖွဲ့တစ်ခုချင်းက တည်ဆဲဥပဒေများအပေါ် လေးစားလိုက်နာပြီး အစိုးရအဖွဲ့၊ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် အချိန်တိုအတွင်း လျင်မြန်စွာတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် ဗန်းမော်တက္ကသိုလ်သို့ သွားရောက်ပြီး လူငယ်ရက်သတ္တပတ် ဗလငါးတန်ဖွံ့ဖြိုးရေးအစီအစဉ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ၏ ဆုရပန်းချီ၊ ကာတွန်း၊ ဆောင်းပါးများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တက္ကသိုလ်ဘက်စုံသုံးခန်းမဆောင်၌ ဗန်းမော်တက္ကသိုလ်၊ နည်းပညာတက္ကသိုလ် (ဗန်းမော်)၊ ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာအထက်တန်းကျောင်းတို့မှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခများ၊ ဆရာ ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် တွေ့ဆုံရာ တာဝန်ရှိသူများက တက္ကသိုလ်ဆိုင်ရာ အချက်အလက်များနှင့် သင်ကြားရေးဆိုင်ရာ အခက်အခဲများ/ လိုအပ်ချက်များကို တင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး စီစဉ်ဆောင်ရွက်မည့် ကိစ္စရပ်များနှင့် ဖြည့်ဆည်းဆောင်ရွက် ပေးလျက်ရှိသည့် ကိစ္စရပ်များကို ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

ထို့နောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က လိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအစီအစဉ်များ၊ သင်ကြားရေးဆိုင်ရာ ပြခန်းပြကွက်များနှင့် တက္ကသိုလ်အလိုက် လုပ်ငန်းဆောင်ရွက်မှု ပြခန်းငယ်များကို လိုက်လံကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်နှင့်အဖွဲ့သည် ဗန်းမော်မြို့ ညောင်ပင်ရပ်ကွက်အတွင်းရှိ ဗန်းမော်ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး ခရိုင်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး၊ ဆေးရုံအုပ်၊ တာဝန်ရှိသူများနှင့်အတူ ဆေးရုံကြီး ကလေးဖျားနာ ကုသဆောင်အတွင်း တက်ရောက် ဆေးဝါးကုသမှုခံယူနေသော ကလေးငယ်များနှင့် မိခင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ အားပေးစကားများ ပြောကြားကြကာ ထောက်ပံ့ငွေများနှင့် အာဟာရဖြည့်မုန့်များကို ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# လပွတ္တာမြို့နယ်၌ ရိတ်သိမ်းခြွေလှေ့စက်မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်လှစ်

**လပွတ္တာ စက်တင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်၌ စက်မှုလယ်ယာဦးစီးဌာန အမှတ် (၉၇)စက်မှုလယ်ယာစခန်းတွင် ရိတ်သိမ်းခြွေလှေ့စက်မောင်းနှင်ထိန်းသိမ်းမှုအခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၂၃)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် လပွတ္တာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးညွန့်က အဖွင့်အမှာစကားပြောကြားပြီး စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်ငွေးက ရိတ်သိမ်းခြွေလှေ့စက်မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်း ဖွင့်လှစ်သင်ကြားပေးရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းထိုက်က သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

အဆိုပါ ရိတ်သိမ်းခြွေလှေ့စက်မောင်းနှင်ထိန်းသိမ်းမှုအခြေခံသင်တန်းသို့ လပွတ္တာမြို့နယ်အတွင်းရှိကျေးရွာများမှ သင်တန်းသား ၃၀ တက်ရောက်ပြီး ၁၂ ရက်တာ စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့သို့ အလုပ်သဘောခရီးစဉ်များသွားရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် စက်တင်ဘာ ၁၂**

ရုရှား နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂျီလတ်ဗ်ရော့နှင့် ဘယ်လာရုစ် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂေး အယ်လယနိခ်တို့၏ ဖိတ်ကြားချက်များအရ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ တို့သို့ စက်တင်ဘာ ၁၂ ရက်မှ ၁၇ ရက်အထိ အလုပ်သဘောခရီးစဉ်များ သွားရောက်ရန် ယနေ့ ညနေပိုင်းတွင် မန္တလေးမြို့မှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်မြို့သို့ အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်း (MAI)ဖြင့် ထွက်ခွာသွားသည်။




ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **သတင်းစဉ်**

## သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

**○ ရှေ့ဖုံးမှ**

လက်ရှိ ဝါမျိုးစုံအားလုံး ရာနှုန်းပြည့်ကျော်လွန်စိုက်ပျိုးပြီးစီးပါပြီ။ ချည်မျှင်ရှည်ဝါမျိုးစုံတွေလည်း တစ်ဧကေ ပျမ်းမျှ ပိဿာ ၅၈၀ ကျော်ထိ ထွက်ရှိအောင် ပြင်ဆင်စိုက်ပျိုးထားပါတယ်”ဟု မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးစိုးသက်အောင်က ပြောသည်။

**ဝါမျိုးစုံ ၁၅၉၉၇ ဧက**

မုံရွာမြို့နယ်၌ ၂၀၂၃-၂၀၂၄ ခုနှစ် ဝါမျိုးစုံလျာထား ၁၅၉၉၅ ဧက စိုက်ပျိုးလျက်ရှိရာ မိုးကြိုချည်မျှင်ရှည်ဝါ ၈၂ ဧက၊ မိုးချည်မျှင်ရှည်ဝါ ၈၀၅၆ ဧက၊ မိုးနှောင်းချည်မျှင်ရှည်ဝါ ၃၉၈၇ ဧကနှင့် ချည်မျှင်တိုဝါ ၃၈၇၂ ဧက စုစုပေါင်း ဝါမျိုးစုံ ၁၅၉၉၇ ဧက၊ ရာခိုင်နှုန်းအားဖြင့် ၁၀၀ ဒသမ ၀၁ ရာခိုင်နှုန်းစိုက်ပျိုးဆောင်ရွက်ထားရှိကြောင်း သိရသည်။

အဆိုပါ ဝါမျိုးစုံ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနက အရည်အသွေးကောင်းမျိုးကောင်းမျိုးသန့်ဝါများ စိုက်ပျိုးထုတ်လုပ်နိုင်ရန်၊ ဝါမျိုးစေ့အသုံးပြုမှုမှန်ကန်စေရန်၊ ဓာတ်မြေဩဇာ စနစ်တကျ အသုံးပြုတတ်စေရန်၊ ဓာတ်မြေဩဇာအစားထိုး သစ်စိမ်းမြေဩဇာများ အသုံးပြုစိုက်ပျိုးနိုင်ရန် စသည့်နည်းစနစ်များကို လယ်မြေများထိကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း ကယားပြည်နယ်(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ (ပြည်နယ်အဆင့်) ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ချီးမြှင့်၊ လွိုင်ကော်မြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**လွိုင်ကော် စက်တင်ဘာ ၁၂**

ကယားပြည်နယ် ၂၀၂၃ခုနှစ် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ပြည်နယ်အဆင့်) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း၊ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဒေသကွပ်ကဲရေးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်အမျိုးသမီးရေးရာ ကော်မတီ၊ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ အသီးသီးမှ ကော်မတီဝင်များ၊ ပြိုင်ပွဲ အကဲဖြတ်ပညာရှင် ဒိုင်ချုပ်နှင့် ဒိုင်များ၊ ပြိုင်ပွဲဝင်များနှင့် မိသားစုဝင်များ၊ အနုပညာ ချစ်မြတ်နိုးသည့် တိုင်းရင်းသား ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒေသကွပ်ကဲရေးမှူးတို့က (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ပြည်နယ်အဆင့်) ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အဖွင့်အမှာ စကားပြောကြားသည်။

## လိုက်လံနှုတ်ဆက်

ယင်းနောက် ဖျော်ဖြေရေးအဖွဲ့များက တေးသီချင်းများ၊ တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ဖျော်ဖြေရေး အဆို၊ အကအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြကာ ပြိုင်ပွဲဝင်အဖွဲ့များနှင့် ပြိုင်ပွဲဝင်မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ဆက်လက်၍ ပြိုင်ပွဲများကို ကျင်းပပြုလုပ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ပြိုင်ပွဲ အကဲဖြတ်ဒိုင်ချုပ်နှင့် အကဲဖြတ်ဒိုင်အဖွဲ့များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ ပြည်ထောင်စုအဆင့်သို့ သွားရောက်ယှဉ်ပြိုင်မည့် သတ်မှတ် အရည်အချင်းများနှင့် ပြည့်မီသည့် ပြိုင်ပွဲဝင်များအား စနစ်တကျရွေးချယ်ပေးကြရန်မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်းနှင့် ပြည်နယ်ဝန်ကြီးချုပ်ဦးဇော်မျိုးတင် ပြိုင်ပွဲဝင်အဖွဲ့များနှင့် ပြိုင်ပွဲဝင်မိသားစုများအား ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်စဉ်။



ကယားပြည်နယ် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ပြည်နယ်အဆင့်) ပြိုင်ပွဲကို စက်တင်ဘာ ၁၂ ရက်မှ ၁၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပညာရှင်နှင့်ဝါသနာရှင် စုစုပေါင်း ပြိုင်ပွဲဝင် ၃၆၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကာ ပြည်နယ်အဆင့်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနား၌ အဆို၊ အက၊ အရေး၊ အတီး ကဏ္ဍအလိုက် ဆုရရှိသူများကို ထိုက်ထိုက်တန်တန် ဂုဏ်ပြု ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်မြို့ ကန္ဒရဝတီဘုန်းတော်ကြီးကျောင်းသို့သွားရောက်၍ ပြည်နယ် ဩဝါဒါစရိယ သီရိမင်္ဂလာပုံ(ဟော်ကြီး)ကျောင်းဆရာတော်အရှင်သူမြတ်ထံ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ကလျာဏ ထေရဝါသ နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးကာ ကျောင်းဆောင်သစ် ဆောက်လုပ်ရေးအတွက် အလှူငွေများပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်သည် စိုက်ပျိုးရေး၊ မွေးမြူရေး အထက်တန်းကျောင်း(ချိကယ်)သို့သွားရောက်၍ ကျောင်းသားကျောင်းသူများ စာသင်ကြားနေမှုများကို ကြည့်ရှုပြီး ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ကျောင်းပရိဝုဏ်အတွင်း နှစ်ထပ်စာသင်ဆောင် ဆောက်လုပ်နေမှု အခြေအနေ၊ စိုက်ပျိုးရေး စိုက်ခင်းများနှင့် မွေးမြူရေးခြံများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ထေးသမရပ်ကွက်ရှိ မောဒူဒီးဘိုးဟိုး ခန်းမဆောင်၌ ကေ့ထျိုးဘိုး ဂေါပကအဖွဲ့ဝင်များ၊ ထေးသမရပ်ကွက်တွင် နေထိုင်နေကြသော ယာယီနေရပ်စွန့်ခွာ ပြည်သူများနှင့်တွေ့ဆုံ၍ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၊ ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်က ကေ့ထျိုးဘိုး ဂေါပကအဖွဲ့အတွက်ထောက်ပံ့ငွေများကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်က ထေးသမရပ်ကွက်ရှိ ယာယီနေရပ်စွန့်ခွာ ပြည်သူများအတွက် ထောက်ပံ့ငွေများကိုလည်းကောင်း ပေးအပ်ကြသည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက် လာကြသူများက အခက်အခဲများနှင့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## လွိုင်လင်ခရိုင်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**လွိုင်လင် စက်တင်ဘာ ၁၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့တွင် (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ခရိုင်အဆင့်) ပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီက ကွန်ပျူတာတက္ကသိုလ် (ပင်လုံ) ခန်းမ၌ ကျင်းပရာ အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်း တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါ (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်း၊ လွိုင်လင်တပ်နယ်မှူး ဗိုလ်မှူးချုပ် သန်းထွန်းအောင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကံစောလှိုင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်စိုးနှင့် ကွန်ပျူတာတက္ကသိုလ် (ပင်လုံ) ဒုတိယပါမောက္ခချုပ် ဒေါက်တာမြင့်မြင့်ခိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ၏ ပြိုင်ပွဲဝင်နေမှုများကို ကြည့်ရှုအားပေးကြပြီး ဂုဏ်ပြုအလှူငွေများချီးမြှင့်ပေးအပ်ကြရာ တိုင်းမှူးနှင့်ဇနီးတို့က ချီးမြှင့်ငွေကျပ် ငါးသိန်း၊ ဟိုမိန်းပြည်သူ့စစ်ဌာနေမှ ကျပ်ငါးသိန်း၊ ငွေပင်လုံ ကုမ္ပဏီက ကျပ်ငါးသိန်းနှင့် ပင်လုံလုပ်ငန်းရှင်များက ကျပ်ငါးသိန်း ချီးမြှင့်ရာ ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက လက်ခံရယူသည်။

### ကြည့်ရှုအားပေး

အဆိုပါပြိုင်ပွဲသို့ ပြိုင်ပွဲဝင် ၈၆ ဦး ပါဝင်ယှဉ်ပြိုင်ကြကြောင်းနှင့် ပြိုင်ပွဲသို့ အရှေ့အလယ်ပိုင်း တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းနှင့်ဇနီး၊ တပ်မတော်အရာရှိများ၊ လွိုင်လင် တပ်နယ်မှူး ဗိုလ်မှူးချုပ် သန်းထွန်းအောင်နှင့်ဇနီး၊ ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကံစောလှိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းထွဋ်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လွိုင်လင်၊ လဲချား၊ မိုင်းကိုင်မြို့နယ်များမှ ပြိုင်ပွဲဝင်များ၊ နည်းပြအုပ်ချုပ်သူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။




**ခရိုင်(ပြန်/ဆက်)**

# နှလုံးသားကွက်လပ်တစ်နေရာ အကောင်းမြင်သဘောလေးထားကြည့်ပါ

ဒေါက်တာမြတ်မိုး

လူမှုဆက်ဆံရေးနယ်ပယ်မှာ သူဟာဖြင့် အကောင်းမြင်စိတ်ထားရှိတယ်၊ သူတွေးတာ၊ ပြောတာ၊ လုပ်တာတွေက အပြုသဘောဆောင်လေ့ရှိတယ်၊ သူကတော့ဖြင့် အဆိုးမြင်တာချည်းပဲ၊ သူ့ရဲ့ အတွေး၊ အပြော၊ အလုပ်မှန်သမျှဟာ အပျက်သဘောချည်းပဲ... စတဲ့ အကောင်း၊ အဆိုးအမြင်သဘောတွေကြုံဖူး၊ တွေ့ဖူး၊ ကြားဖူးကြပေလိမ့်မယ်။

လူတွေဟာ ကိုယ့်အပေါ် သူ့ဘက်က အကောင်းမြင်ပေးခြင်းကို သဘောကျတတ်ပေမယ့် သူ့ဘက်ကိုတော့ ကိုယ့်ဘက်က အကောင်းမမြင်နိုင်လောက်အောင် ဖြစ်မိတတ်ပါတယ်။ ဒါကြောင့်လည်းပဲ ငြိမ်းချမ်းသာယာမှုကို မရနိုင်သလို အေးချမ်းခြင်းလည်း မရှိနိုင်ပါဘူး။ ရန်ဘက်အသွင်ဆောင်ပြီး ပဋိပက္ခသာ အလွန်များတတ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဘယ်လိုမှအကောင်းမမြင်နိုင်တဲ့ သူတွေကြားမှာ မကောင်းမြင်မှုစိတ်ဓာတ်တွေကသာ လွှမ်းမိုးနေလို့ဖြစ်ပါလိမ့်မယ်။ ဒီအခါမှာ ကျွန်တော်တို့ကြားမှာ အဆင်မပြေမှုတွေများလာပြီး ဘာလုပ်လုပ် အကောင်းမမြင်နိုင်ကြတော့တဲ့ အခြေအနေမှာ သူ့အပြစ်၊ ကိုယ့်အပြစ် အပြစ်ဖို့ခြင်းတွေသာ ရှေ့တန်းရောက်လာပါတော့တယ်။

သူ့နေရာမှာ အစားဝင်ပြီး အကောင်းမြင်စိတ်လေးထားလိုက်ရင် သူနဲ့ကိုယ်ကြားမှာ လူမှုဆက်ဆံရေးကောင်းမွန်မှုဆိုတဲ့ ရလဒ်ကောင်းတစ်ခုကို ပိုင်ဆိုင်လာနိုင်ပါတယ်။ တစ်နည်းအားဖြင့် ကိုယ်ချင်းစာစိတ်နဲ့ သည်းခံနားလည်ပေးနိုင်စွမ်းဖြင့် ယုံကြည်မှုတစ်ခု တည်ဆောက်လိုက်ခြင်းပါပဲ။ သူ့ဘက်ကို အကောင်းမြင်ပေးခြင်းဖြင့် မိမိအတွက် အားသာချက်တစ်ခုခုကို ပြန်လည်ရရှိလာနိုင်သလို အနည်းဆုံးတော့ သူ့ဘက် ကိုယ့်ဘက် အဆင်ပြေပြေနဲ့ နှစ်ဖက်အကျိုးရှိသွားတာမျိုးလည်း ဖြစ်သွားနိုင်ပါတယ်။ သူ့ကိုအကောင်းမြင်ပေးခြင်းက ကိုယ့်အတွက် အခွင့်အလမ်းကောင်းကို ရရှိလိုက်တဲ့သဘောပါပဲ။

**“တတ်နိုင်သမျှ အားနည်းချက်ကို လျစ်လျူရှုပေးပြီး ငါလည်း ဒီလိုအချိန်၊ ဒီလိုအခြေအနေမှာဆိုရင် သူ့လိုအားနည်းချက်မျိုး ရှိကောင်းနိုင်တာပဲလို့ သူ့နေရာမှာအစားဝင်ပြီး အကောင်းမြင်စိတ်လေးထားလိုက်ရင် သူနဲ့ကိုယ်ကြားမှာ လူမှုဆက်ဆံရေးကောင်းမွန်မှုဆိုတဲ့ ရလဒ်ကောင်းတစ်ခုကို ပိုင်ဆိုင်လာနိုင်ပါတယ်။ တစ်နည်းအားဖြင့် ကိုယ်ချင်းစာစိတ်နဲ့ သည်းခံနားလည်ပေးနိုင်စွမ်းဖြင့် ယုံကြည်မှုတစ်ခု တည်ဆောက်လိုက်ခြင်းပါပဲ။ သူ့ဘက်ကို အကောင်းမြင်ပေးခြင်းဖြင့် မိမိအတွက် အားသာချက်တစ်ခုခုကို ပြန်လည်ရရှိလာနိုင်သလို အနည်းဆုံးတော့ သူ့ဘက်ကိုယ့်ဘက် အဆင်ပြေပြေနဲ့ နှစ်ဖက်အကျိုးရှိသွားတာမျိုးလည်း ဖြစ်သွားနိုင်ပါတယ်။ သူ့ကိုအကောင်းမြင်ပေးခြင်းက ကိုယ့်အတွက်အခွင့်အလမ်းကောင်းကို ရရှိလိုက်တဲ့သဘောပါပဲ”**

ကျန်းမာရေးကို အထောက်အကူပြုသလို စိတ်ကျန်းမာခြင်းကတစ်ဆင့် ရုပ်ပိုင်းဆိုင်ရာကျန်းမာရေးကိုပါကျေးဇူးပြုပြီး စွမ်းအင်တွေကို တိုးပွားလာစေပါတယ်။ ဒါကြောင့် အလုပ်တစ်ခုကို အကောင်းမြင်စိတ်နဲ့သာ အစပြုဖြစ်ခဲ့ရင် နောက်ဆုံးရည်မှန်းချက်ပန်းတိုင်ကိုပါ ရောက်ရှိတဲ့အထိ ကိုယ်လိုချင်တဲ့အောင်မြင်မှုကို ရယူနိုင်တယ်ဆိုတာပါပဲ။ တစ်ခါတစ်ရံ ကြုံလေ့ရှိတာက တစ်ဦးတစ်ယောက်တည်းအပေါ်မှာ တစ်ဖက်က အဆိုးချည်းမြင်နေရင် ကိုယ့်ဘက်က အကောင်းဘက်က ရှာဖွေမြင်ပေးလိုက်ရတာမျိုးလည်း ရှိတတ်ပါတယ်။ လူဆိုတာ အဆိုး၊ အကောင်း ဒွန်တွဲရှိနေတာမို့ မိမိတို့က သူ့ရဲ့အဆိုး၊ အကောင်းကို ဟန်ချက်ညီညီနဲ့ တည့်မတ်ပေးဖို့၊ ဆုံးမပဲ့ပြင်ပေးဖို့၊ တစ်ဦးနဲ့တစ်ဦး နားလည်မှုရှိဖို့လိုလာပြန်ပါတယ်။ အားလုံးက အဆိုးဘက်ကချည်းမြင်နေကြရင် အမြင်ခံရတဲ့သူအနေနဲ့ ထွက်ပေါက်မရှိ စိတ်ဓာတ်အကြီးအကျယ်ကျဆင်းသွားပြီး နောက်ဆုံးမဖြစ်သင့်တဲ့အရာအားလုံးဖြစ်သွားနိုင်တဲ့အတွက်ကြောင့် ဖြစ်ပါတယ်။

### အဆိုးမြင် မြင်ဖန်များလျှင်

တကယ့်လက်တွေ့နယ်ပယ်အချို့မှာ မိမိရဲ့ ဆန့်ကျင်ဘက် ဒါမှမဟုတ် တစ်ဦးတစ်ယောက်ရဲ့ ကောင်းကွက်နဲ့ အားသာချက်ကို အသိအမှတ်မပြုနိုင်၊ မမြင်ချင်ယောင်ဆောင်တာမျိုးတွေ ရှိတတ်ပါတယ်။ မြင်နိုင်စွမ်းမရှိတာလည်းပါမယ်။ အကောင်းမြင်နိုင်ဖို့ တွန်းအားတစ်ခုခု မရှိတာလည်း ပါချင်ပါနိုင်တယ်။ ရလဒ်ကတော့ မဖြေရှင်းနိုင်တဲ့ ပြဿနာနဲ့ ပဋိပက္ခတွေကို ထပ်ကာထပ်ကာကြုံရခြင်းပါပဲ။ တစ်ဖန် တချို့သူတွေက အားသာချက်ကို မမြင်ပေမယ့် အားနည်းချက်ကိုတော့ ရှာတတ်ပြန်တယ်။ တချို့က ရှုထောင့်ပြောင်းပြီး ဆိုးကွက်ကိုမရရအောင်ရှာ Negative minded နဲ့ အဆိုးမြင်လေ့ရှိကြတယ်။

တချို့များ မကောင်းကွက်ကိုချည်း ကြည့်ဖန်များတော့ ဘယ်လိုမှ ပေါင်းလို့မရတဲ့အခြေအနေမျိုး၊ ကြီးတဲ့အမှုငယ်ရမယ့်အစား အပြုသဘောမဆောင်တဲ့ လုပ်ရပ်တွေကြောင့် ပြဿနာဟာ ပိုပြီးကြီးထွားသွားတာကိုလည်း တွေ့ရပြန်တယ်။ ထိုသူရဲ့ အားသာချက်နဲ့ ကောင်းကွက်ကို အသိအမှတ်ပြုရမယ့်အစား ရှိနေတဲ့အားနည်းချက်ကိုပင် တမင်ချနင်းမှုကြောင့်လည်း အပေါင်းလက္ခဏာမဆောင် အနုတ်လက္ခဏာတွေသာ ရလိုက်ပြန်တယ်။ တကယ်တော့ အဆိုးမြင်များတဲ့ လူ့အဖွဲ့အစည်း တစ်ရပ်မှာ မနာလိုဝန်တိုမှု၊ လောဘ၊ ဒေါသ၊ မောဟ၊ ကိုယ်ချင်းစာတရားနည်းပါးမှု၊ အထင်သေးမှု စတဲ့စရိုက်တွေ စာမျက်နှာ ၇ သို့ ✣

မိမိတို့ လက်ရှိလူမှုဝန်းကျင်မှာ အကောင်းမြင်သဘောတွေ သိပ်မတွေ့ရတော့ဘဲ အဆိုးမြင်စိတ်ထားနဲ့ အပျက်သဘောတွေချည်း တဖြည်းဖြည်း လွှမ်းခြုံရစ်ပတ်သလို ခံစားကြရတာဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အဆိုးမြင်၊ အပျက်သဘောဆောင်လေ့ရှိတဲ့ ဝန်းကျင်မှာ ကောင်းမွန်တဲ့ ပတ်ဝန်းကျင်တစ်ခု၊ ငြိမ်းချမ်းတဲ့ လူ့အဖွဲ့အစည်းတစ်ခုတည်ဆောက်ဖို့ အခက်အခဲတွေကြုံလာရနိုင်ပါတယ်။

### အကောင်းမြင်ပေးမှုက လူ့အဖွဲ့အစည်းငြိမ်းချမ်းမှုကို အထောက်အကူပြု

လူ့အဖွဲ့အစည်းတစ်ခုအတွင်း စိတ်ခံစားမှုများပြီး ချစ်ခြင်း၊ မုန်းခြင်းမှာသာ အဓိကထားလေ့ရှိသူတွေဟာ ဘယ်လိုမှ အကောင်းမြင်လေ့ မရှိကြပါဘူး။ အကောင်းမြင်စိတ်လေး ရှိခြင်းဟာ အလွန်ပင်အရေးကြီးကြောင်း၊ ဖိအားတွေ အောက်က ရုန်းထွက်ဖို့ ခွန်အားတစ်ရပ်ဖြစ်ကြောင်း ယုံကြည်မှုက မိမိစိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာနဲ့ မိမိရဲ့ ပတ်ဝန်းကျင်အတွက် များစွာအထောက်အကူဖြစ်စေတယ်ဆိုတဲ့သဘောလေးကိုတော့ သိရှိထားစေလိုပါတယ်။

မိမိပါဝင်တဲ့ လူ့အဖွဲ့အစည်းတစ်ခု ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်ဖို့ မိမိရဲ့အကောင်းမြင်စိတ်ထားရှိခြင်းက များစွာအကူအညီဖြစ်စေတယ်ဆိုတဲ့အချက်ကို နားလည်ထားရပါမယ်။ နိုင်ငံတစ်နိုင်ငံမှာ ထိုနိုင်ငံကို ဦးဆောင်သူရဲ့ အကောင်းမြင်ပေးနိုင်မှု သို့မဟုတ် နိုင်ငံတည်ဆောက်ရေးမှာ သက်ဆိုင်ပါဝင်သူအားလုံးရဲ့ အပြုသဘောဆောင်မှုက နိုင်ငံရဲ့ငြိမ်းချမ်းသာယာမှု၊ စည်းလုံးညီညွတ်မှုအရာမှာ အလွန်ကိုအရေးပါပါတယ်။ အထူးသဖြင့် တစ်ဖက်နဲ့တစ်ဖက် အမျိုးသားရင်ကြားစေ့ရေးနဲ့ ငြိမ်းချမ်းရေးကို တည်ဆောက်ရာမှာ ပိုပြီးအဓိကကျတယ်ဆိုတာ တွေ့ရပါတယ်။

တစ်ခုတော့ရှိပါတယ်။ ထိုသူရဲ့ အကောင်းမြင်စိတ်လေးနဲ့ လုပ်ကိုင်ဆောင်ရွက်တဲ့အပေါ်မှာ မိမိဘက်က တရားသဘောနဲ့ယှဉ်တဲ့ ပညာဉာဏ်လေးနဲ့ ကြည့်တတ်၊ မြင်တတ်ဖို့တော့ လိုတာပေါ့။ ဆိုခဲ့သလို.. အဆိုးမြင်များတဲ့ဝန်းကျင်မှာ ဘယ်လိုမှ

### ကောင်းကွက်ကိုရှာ ဆိုးကွက်ကိုပယ်ခြင်းဖြင့်

တကယ်တော့ အကောင်းမြင်ပေးခြင်းဟာ ထိုသူအပေါ်မှာ တန်ဖိုးတစ်ခုထားလိုက်ခြင်းပဲဖြစ်သလို ထိုသူရဲ့တန်ဖိုးရှိမှုကို အသိအမှတ်ပြုလိုက်ခြင်းလည်းဖြစ်ပါတယ်။ လူအားလုံးမှာ အကောင်းနဲ့ အဆိုး ဒွန်တွဲနေတတ်သလို လူတိုင်းမှာ သူ့အားသာချက်နဲ့သူ ရှိပါတယ်။ အကောင်းချည်းပဲ မရှိသလို အဆိုးချည်းပဲလည်း မဟုတ်ပြန်ပါဘူး။ ပြောစရာဆိုစရာမရှိလောက်အောင် စံထားလောက်တဲ့ အကောင်းဆုံးဖြစ်မှု perfect ဖြစ်မှုဆိုတာ ဘယ်သူ့မှာမှ မရှိနိုင်ပါဘူး။ အဓိကအချက်က သူသူကိုယ်ကိုယ် အကောင်းအဆိုးဆန့်ကျင်ဘက်နှစ်ခုဟာ အနည်းနဲ့အများ ရောပြွမ်းနေသူတွေချည်းဆိုတော့.. ကောင်းမွန်တဲ့ လူမှုဆက်ဆံရေးဝန်းကျင်၊ တိုးတက်တဲ့လူ့အဖွဲ့အစည်း၊ ငြိမ်းချမ်းတဲ့နိုင်ငံတစ်နိုင်ငံ တည်ဆောက်ချင်ရင် ထိုဖြစ်ချင်တဲ့စိတ်နဲ့ ကောင်းကွက်ကိုရှာပြီး ဆိုးကွက်ကိုပယ်၊ အားသာချက်ကိုရှာပြီး အားနည်းချက်ကို မေ့ပျောက်ပေးခြင်း သို့မဟုတ် ပြုပြင်တည့်မတ်ပေးခြင်း အလေ့အကျင့်ကိုသာ အကောင်းဆုံးလုပ်နိုင်ကြဖို့ပါ။

တတ်နိုင်သမျှ အားနည်းချက်ကို လျစ်လျူရှုပေးပြီး ငါလည်း ဒီလိုအချိန်၊ ဒီလိုအခြေအနေမှာဆိုရင်သူ့လိုအားနည်းချက်မျိုး ရှိကောင်းနိုင်တာပဲလို့ အတွက် အခွင့်အလမ်းကောင်းကို ရရှိလိုက်တဲ့သဘောပါပဲ။

### နားလည်မှု ယုံကြည်မှုကိုတိုးစေတာလည်း အကောင်းမြင်စိတ်ပါ

အကောင်းချည်းပဲ မရှိနိုင်သလို အဆိုးချည်းပဲ ရှိနေတာမျိုးလည်း မဟုတ်တဲ့အတွက် ကိုယ့်ရဲ့ ဆန့်ကျင်ဘက်ဆီမှာ မူလပိုင်ဆိုင်ထားတဲ့ ကောင်းတာလေးတွေ၊ အားသာချက်လေးတွေကို မြင်အောင် အဖန်တလဲလဲကြည့်ပေးခြင်း၊ အခြားရှုထောင့်တစ်နေရာက ပြောင်းလဲကြည့်ပေးခြင်းကပင် ထိုသူအပေါ် အကောင်းမြင်စိတ်ထားခြင်း ဖြစ်ပါတယ်။ ကိုယ့်ဘက်က အကောင်းမြင်ပေးရင် သူ့ဘက်က အပေါင်းလက္ခဏာပြန်ရတတ်ပါတယ်၊ အချည်းနှီးမဖြစ်ပါဘူး။ အားလုံးက တစ်ခုခု တစ်နေရာရာမှာ နားလည်မှုလွဲနေကြလို့သာပါ။

အကောင်းမြင်ပေးမှုက တစ်ဦးနဲ့တစ်ဦး နားလည်မှုနဲ့ ယုံကြည်မှုကို တိုးစေတယ်ဆိုတာ မှန်ကန်တဲ့အချက်ပါ။

အပြန်အလှန် နားလည်ယုံကြည်မှုကတစ်ဆင့်သာ ကောင်းမွန်တဲ့ဆက်ဆံရေးကို ရရှိစေမှာဖြစ်ပါတယ်။ အဓိကက တစ်ဦးနဲ့တစ်ဦး တစ်ဖွဲ့နဲ့တစ်ဖွဲ့ ဆက်ဆံရေး အစဉ်ကောင်းမွန်နေဖို့ပဲ မဟုတ်ပါလား။ အကောင်းမြင်စိတ်ဟာ မိမိစိတ်ပိုင်းဆိုင်ရာ

**“တချို့များ မကောင်းကွက်ကိုချည်း ကြည့်ဖန်များတော့ ဘယ်လိုမှ ပေါင်းလို့မရတဲ့အခြေအနေမျိုး၊ ကြီးတဲ့အမှုငယ်ရမယ့်အစား အပြုသဘောမဆောင်တဲ့လုပ်ရပ်တွေကြောင့် ပြဿနာဟာ ပိုပြီးကြီးထွားသွားတာကိုလည်း တွေ့ရပြန်တယ်။ ထိုသူရဲ့ အားသာချက်နဲ့ ကောင်းကွက်ကို အသိအမှတ်ပြုရမယ့်အစား ရှိနေတဲ့အားနည်းချက်ကိုပင် တမင်ချနင်းမှုကြောင့်လည်း အပေါင်းလက္ခဏာမဆောင် အနုတ်လက္ခဏာတွေသာ ရလိုက်ပြန်တယ်။ တကယ်တော့ အဆိုးမြင်များတဲ့ လူ့အဖွဲ့အစည်း တစ်ရပ်မှာ မနာလိုဝန်တိုမှု၊ လောဘ၊ ဒေါသ၊ မောဟ၊ ကိုယ်ချင်းစာတရားနည်းပါးမှု၊ အထင်သေးမှု စတဲ့စရိုက်တွေ ပိုများနေတတ်တဲ့အတွက် ထိုအဖွဲ့အစည်းကိုကြည့်ရင် ငြိမ်းချမ်းမှု အေးချမ်းမှုလက္ခဏာတွေနဲ့အလှမ်းဝေးနေတတ်ကြောင်း တွေ့ရမှာ ဖြစ်ပါတယ်။ ဒီအချက်တွေကတော့ အဆိုးမြင်စိတ်၊ တစ်နည်း အကောင်းမြင်စိတ်မထားနိုင်ခြင်းရဲ့ ဆိုးကျိုးတွေလို့ ယူဆ”**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းနှင့် ဦးရန်ကျော် လားရှိုးမြို့ရှိ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ





လားရှိုး စက်တင်ဘာ ၁၂

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်တို့သည် ယနေ့မွန်းလွဲပိုင်းတွင် လားရှိုးမြို့ မြို့တော်ခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးရွှေကြိမ်းက နိုင်ငံတော်ကို ပခုံးပြောင်း တာဝန်ယူထမ်းဆောင်ကြမည့် လူငယ်များအနေဖြင့် ပညာတတ်မြောက်ရန် လိုအပ်ကြောင်း၊ နိုင်ငံတော်အတွက် လူသားအရင်းအမြစ် ပညာတတ်များ များစွာပေါ်ထွက်လာရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားပြည်သူများအားလုံး စာတတ်မြောက်ရန်နှင့် အတတ်ပညာ၊ အသိပညာများ ရရှိနိုင်ရန် အထူးအလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သောကြောင့် ပညာတတ်မြောက်မှသာ ဘဝရပ်တည်ရေးကို စိတ်အေးချမ်းသာစွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အကျိုးဝင်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသော ကုန်ထုတ်လုပ်ငန်းများကို မြှင့်တင်ရန်၊ နိုင်ငံ့စီးပွားမြှင့်တင်ရန်နှင့် ပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားလာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ လူမှုစီးပွားဘဝတိုးတက်အောင်မြင်အောင် ဆောင်ရွက်ရာတွင် ပညာရေးနှင့် ကျန်းမာရေး ကဏ္ဍနှစ်ရပ် ပါဝင်ပါကြောင်း၊ ထို့ကြောင့် ပညာရေးကို မဖြစ်မနေ တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ပြည်သူအားလုံး ကျန်းမာရေး ကောင်းမွန်စေရေးအတွက်လည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးရန်ကျော်က ဒေသဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံတော်တည်ဆောက်ရေးတွင် လိုအပ်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ရေးဆိုင်ရာ ကိစ္စရပ်များကိုဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက တိုင်းရင်းသားစာပေ ယဉ်ကျေးမှု၊ သင်ရိုးညွှန်းတမ်း၊ ပညာရေး၊ စားဝတ်နေရေး၊ စက်မှုဇုန်၊ မွေးမြူရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကိုဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည်ရှင်းလင်း ဆွေးနွေးဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးရွှေကြိမ်း၊ ဦးရန်ကျော်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

**ဆက်ကပ်လှူဒါန်း**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များသည် လားရှိုးမြို့ မန်ဆူရှမ်းကျောင်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ပုညနန္ဒအား သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း



ရန်ကုန် စက်တင်ဘာ ၁၂

(၅၉) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လေကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲမှူး(ရန်ကုန်)၊ ကွပ်ကဲမှုအောက်ရှိ လေကြောင်းရဲတပ်ဖွဲ့ခွဲ(ရန်ကုန်)မှ တပ်ဖွဲ့ဝင်များ၏ စုပေါင်းသွေးလှူဒါန်းခြင်းကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီး၌ ကျင်းပရာ တပ်ဖွဲ့ဝင် ၂၅ ဦးက စုပေါင်းသွေးလှူဒါန်းကြသည်။

ယင်းစုပေါင်းသွေးလှူဒါန်းနေမှုကို အင်းစိန်အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာခင်သိင်္ဂီမြင့်၊ လေကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲမှူး(ရန်ကုန်) ရဲမှူးကြီး ထွန်းမြတ်ကျော်နှင့် လေကြောင်းရဲတပ်ဖွဲ့ခွဲမှူး (ရန်ကုန်) ဒုတိယရဲမှူးကြီး ဇော်မင်းသန့်တို့က လိုက်လံကြည့်ရှုအားပေးခဲ့ကြပြီး အာဟာရပြည့်စားသောက်ဖွယ်ရာများ ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

၂၂၂

✣ စာမျက်နှာ ၆ မှ

**ပိုများနေတတ်တဲ့အတွက် ထိုအဖွဲ့အစည်းကို ကြည့်ရင် ငြိမ်းချမ်းမှု အေးချမ်းမှုလက္ခဏာတွေနဲ့ အလှမ်းဝေးနေတတ်ကြောင်း တွေ့ရမှာဖြစ်ပါတယ်။ ဒီအချက်တွေကတော့ အဆိုးမြင်စိတ်၊ တစ်နည်း အကောင်းမြင်စိတ် မထားနိုင်ခြင်းရဲ့ ဆိုးကျိုးတွေလို့ပဲ ယူဆကြပါစို့။**

**သင့်တင့်လျောက်ပတ်သော နှလုံးသွင်းမှုမျိုးကသာ**

ပါမောက္ခချုပ်ဆရာတော်ကြီး ဒေါက်တာနန္ဒမာလာဘိဝံသရဲ့ တရားတစ်ပုဒ်ကို နာယူမှတ်သားဖူးပါတယ်။ ဆရာတော်က **“လူတစ်ယောက်အပေါ်မှာ မေတ္တာထားချင်ရင် ကောင်းကွက်လေးတွေကို ရှာကြည့်၊ ဆိုးကွက်တွေသွားမကြည့်ပါနဲ့တဲ့”၊ “လူဆိုတာ အကောင်းအဆိုးရောနေတာပဲ၊ ဘယ်သူမှ အကောင်းချည်းမရှိဘူး၊ အဆိုးကြီးလည်း မရှိပါဘူးတဲ့”၊ “ ကောင်းကွက်ကိုရှာ မေတ္တာပွားဆိုတာ ယောနိသောမနသိကာရကို ပြောတာပါ”၊** ကောင်းကွက်ကိုရှာ မေတ္တာမပွားနိုင်ရင် ကိုယ်ကအရင်ပူလောင်ရတဲ့အကြောင်း၊ ကိုယ်အရင် ဒုက္ခဖြစ်ရကြောင်း.. ဆိုတဲ့ ဓမ္မမိန့်မှာချက်လေးတစ်ခုဟာ မေတ္တာထားမှုနဲ့ အကောင်းမြင်မှုတရားသဘောနှစ်ခုအကြား ဆက်စပ်မှုတစ်ခုကို ဖော်ထုတ်ထားခြင်းဖြစ်တယ်လို့ နာယူမှတ်သားမိပါတယ်။

ဒါ့အပြင် အောက်စ်ဖို့ဒ်ဆရာတော်ကြီးရဲ့ **“ခက်ခဲသောကာလမှာ အကောင်းမြင်ဝါဒက ပိုအရေးကြီးပါတယ်”**ဆိုတဲ့ မိန့်မှာချက်တစ်ခုကိုလည်း နာယူမှတ်သားမိဖူးပါတယ်။ ဒါကြောင့် သူများကို အကောင်းမြင်နိုင်ဖို့မှာ မိမိကိုယ်မိမိ စိတ်ထားတတ်ဖို့ကို ဦးစွာလေ့ကျင့်မွေးမြူထားသင့်ပါတယ်။ သူ့ရဲ့ မကောင်းမှု/ ကောင်းမှုဆိုတာ အတိတ်အကြောင်းတရားရဲ့ ပုံရိပ်တစ်ခုပါလားလို့ နှလုံးသွင်းကြည့်ပါလား။ ဘယ်သူ့ကိုမဆို ကောင်းကွက်ကိုသာ ရွေးကြည့်တတ်ရင် မပေါင်းနိုင်စရာ လူလည်းမရှိပါဘူး။ မကောင်းကွက်ကိုသာ ကြည့်နေကြရင် ဒီလောကကြီးမှာ ပေါင်းစရာလူလည်း ရှိတော့မှာ မဟုတ်ပါဘူး။ ဘယ်လောက်လိုသေးတယ်၊ လျော့နေတယ်လို့အဆိုးမြင် အပြစ်မြင်တာထက် ဘယ်လောက်တော့ပြည့်နေပြီလို့ အကောင်းမြင်ဖြည့်တွေးမှုမျိုး၊ အဆိုးလောကဓံနဲ့ ကြုံရင်တောင်မှ ဘာဖြစ်ဖြစ် ကောင်းဖို့ဖြစ်လာတာပဲလို့ နှလုံးသွင်းခြင်းမျိုးပါ။ နောက်တစ်ချက်က မာနတရား.. သူ့ကို အကောင်းမြင်ပေးလိုက်ရင် ကိုယ့်ဘက်က မာနကလည်း အလိုလိုလျော့ကျပြီးသားဖြစ်သွားတယ်ဆိုတာ သတိထားမိလိုက်တယ်၊ မာနဆိုတာ မကောင်းတဲ့အကုသိုလ်တရားဆိုတာ အားလုံးသိပြီးသားမဟုတ်ပါလား... အထူးသဖြင့် မိမိမှာ ဖိစီးမှုတွေ၊ အခက်အခဲတွေ အဆင်မပြေမှုတွေရှိနေရင် အကောင်းမြင်စိတ်ကလေးတစ်ခုကိုသာ အဖော်ပြုကြည့်လိုက်ပါ၊ အတွေးကောင်းလေးတွေပေါ်လာတတ်သလို ကြုံရတဲ့ပြဿနာအတွက်လည်း အဖြေရနိုင်ပါလိမ့်မယ်။

**ကိုယ့်ရဲ့အကောင်းမြင်ပေးမှု၊ မပေးမှုက ဆုံးဖြတ်ချက်ချရာမှာ အရေးကြီး**

**ဖြစ်တတ်ပါတယ်။ အလိုကျရင် အကောင်းမြင်ပြီး အလိုမကျတဲ့အခါ အဆိုးမြင်သွားတာမျိုး ရှိတတ်ကြပါတယ်။ ကိုယ်ဖြစ်ချင်တိုင်းရော ဖြစ်ရဲ့လား အရင်စဉ်းစားကြည့်ပါ။ အေးအေးဆေးဆေး ချင့်ချိန်တွေးဆပေးပါ။ မကောင်းတာကို ကောင်းပါတယ် ပြောနေဖို့မဟုတ်ပါဘူး။ လွန်ကဲတဲ့ အကောင်းမြင်စိတ်မျိုးကို နေရာတကာမှာလည်း ထားဖို့မသင့်ပါဘူး။ အထူးသဖြင့် လူအများကို ဦးဆောင်ပြီး အလုပ်လုပ်ရတဲ့နေရာမျိုးမှာ ဆိုပါတော့။ အများကို ထိခိုက်သွားနိုင်တဲ့ အခြေအနေမျိုးမှာဆိုရင်လည်း အကောင်းမြင်စိတ်ကို ခဏဘေးဖယ်ထားသင့်တယ် ထင်ပါတယ်။ ဘယ်လုပ်ရပ်ပဲဖြစ်ဖြစ် အဆုံးထိကြည့်ပြီးမှ ဝေဖန်သုံးသပ်တာ အကောင်းဆုံးပါပဲ။**

လူဆိုတာ လောဘ၊ ဒေါသ အနည်းအများ ရှိတတ်တဲ့အတွက် ဘာတွေးတွေး၊ ဘာလုပ်လုပ် အစွန်းမရောက်ဖို့တော့ လိုတာပေ့ါ။ ဘာဖြစ်ဖြစ် မကောင်းမြင်စိတ်ကို အရင်ရှေ့မတင်လိုက်ဘဲ အကောင်းမြင်စိတ်လေးနဲ့ ပြောကြည့် လုပ်ကြည့်လိုက်ပါလား။ အကောင်းမြင်စိတ်တစ်ခုတည်းနဲ့ ဆုံးဖြတ်ချက်ချလိုက်ဖို့မဟုတ်သလို အဆိုးမြင်စိတ်နဲ့လည်း သုံးသပ်ဆုံးဖြတ်ဖို့ မဟုတ်ပါဘူး။ အပြီးသတ်ဆုံးဖြတ်ချက်တစ်ခုရဖို့ရန်မှာ အခြားသောအကြောင်းတရားများစွာလည်း ရှိသေးတယ်ဆိုတာကိုတော့ သိရှိပြီးဖြစ်မှာပါ။ သို့သော် သူ့ရဲ့အကောင်းအဆိုး သို့မဟုတ် ကိုယ့်ရဲ့အကောင်းမြင်မှု သို့မဟုတ် အဆိုးမြင်မှု တစ်ခုခုဟာ ကိုယ့်ရဲ့ဆုံးဖြတ်ချက်အပေါ် တစ်ထောင့်တစ်နေရာရာကတော့ ပါသွားနိုင်တယ်ဆိုတဲ့အချက်ကို သတိထားဖို့ လိုပါတယ်။ ထို့အတူ ကိုယ့်ဘက်မှာ ဖိစီးမှုရှိရင်လျှော့၊ စိုးရိမ်ပူပန်တာတွေရှိနေရင်လည်း လျှော့ချကြည့်ပါ။ ဖိစီးမှုနဲ့ ပူပန်မှုက အဆိုးမြင်မှုဆီ တွန်းပို့တတ်လို့ပါ။ ထိုအခါမှာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုကျဆင်းလာသလို ဒီလိုအဆိုးမြင်မှုကပဲ ဖိစီးမှုနဲ့ စိတ်ဓာတ်ကျဆင်းမှုတွေကို ဖြစ်စေပြန်ပါတယ်။

ချုပ်လိုက်ရင်တော့ ယောနိသောမနသိကာရပါပဲ။ ကောင်းကွက်ကို မရှာနိုင်ခြင်းက အယောနိသောဖြစ်ပြီး တကယ်တမ်းမှာ အကောင်းမြင်စိတ်မွေးဖို့၊ အကောင်းမြင်ဖို့ ခက်ခဲပါတယ်။ လူဆိုတာ သူကကိုယ့်အပေါ်ကောင်းခဲ့တာထက် သူ့ရဲ့ဆိုးခဲ့တဲ့အပြုအမူကိုသာ ပြန်သတိရတတ်ခြင်းမျိုးပါ။ ဒါပေမဲ့ အကောင်းမြင်စိတ်ဆိုတဲ့ သဘောတရားမှာတော့ စိတ်ရဲ့အလှတရားလေးတွေ ပါဝင်နေတယ်.. ကိုယ်ချင်းစာမှုလေးတွေ၊ သည်းခံနိုင်မှုလေးတွေ၊ မေတ္တာတရားစတဲ့ ကောင်းခြင်းတွေကို မျှဝေမှု၊ သူ့အတွေး၊ ကိုယ့်အတွေးကို လက်ခံနိုင်စွမ်း၊ ဖြည့်တွေးပေးခြင်း၊ ကျေးဇူးတင်ဖို့ ဝန်မလေးခြင်း၊ အေးချမ်းမှုနဲ့ ဥပေက္ခာသဘောဆန်တဲ့ ကိုယ်ရည်ကိုယ်သွေးကောင်းတစ်ခုကို တည်ဆောက်နိုင်တဲ့ သတ္တိတွေ ပါဝင်နေတယ်လို့ ယုံကြည်ပါတယ်။

တစ်ပါးသူရဲ့ကောင်းကွက် အားသာချက်တွေကို ရှာဖွေနိုင်စွမ်းရှိခြင်းကပင် အရည်အချင်းတစ်ခုဖြစ်ပြီး ထိုအရည်အချင်းနဲ့ အကောင်းမြင်နိုင်စွမ်းရှိခြင်းကပင် ဖိအားဒဏ်ခံနိုင်တဲ့ကိုယ်ရည်ကိုယ်သွေးကောင်းတစ်ခု ထိုမှတစ်ဆင့် ဆက်ဆံရေးကောင်းတွေရှိနေတဲ့ ပတ်ဝန်းကျင်ကောင်းတစ်ခုကို တည်ဆောက်နေခြင်းမဟုတ်ပါလား...။ ။

■

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ပြန်လည်ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၂**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ၏ ဖိတ်ကြားချက်ဖြင့် စက်တင်ဘာ ၆ ရက်မှ ၁၂ ရက်အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ သွားရောက်ခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၅ နာရီတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ် ဦးဌေးအောင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။

**လက်မှတ်ရေးထိုး**

ခရီးစဉ်အတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့အကြား ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး အတွက် နားလည်မှု စာချွန်လွှာတစ်ရပ်ကို စက်တင်ဘာ ၇ ရက်တွင် ရုရှားနိုင်ငံမော်စကိုမြို့ရှိဗဟိုရွေးကောက်ပွဲကော်မရှင်ရုံး၌ လက်မှတ်ရေးထိုးခဲ့သည်။



စက်တင်ဘာ ၈ ရက်တွင် ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင် သတင်းအချက်အလက်စင်တာသို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်မှု အခြေအနေနှင့် ဆောင်ရွက်ပုံနည်းလမ်းများ၊ စက်တင်ဘာ ၉ ရက်နှင့် ၁၀ ရက်တို့တွင် မော်စကိုမြို့နှင့် မော်စကိုဒေသတစ်ဝိုက် လှည့်လည် ကြည့်ရှုခြင်းနှင့် ဒေသန္တရရွေးကောက်ပွဲ မဲပေးနေမှု အခြေအနေများကို လေ့လာခဲ့ကြသည်။




**ဆွေးနွေးနိုင်ခဲ့**

အဆိုပါ လေ့လာရေးခရီးစဉ်အတွင်း ရုရှားနိုင်ငံနှင့်ဆက်ဆံရေး တိုးမြှင့် ဆောင်ရွက်နိုင်မည့် နည်းလမ်းများ၊ မဲဆန္ဒရှင် အသိပညာပေးလုပ်ငန်းများနှင့် မီဒီယာကို စနစ်တကျအသုံးပြု ဆောင်ရွက်နိုင်မည့်နည်းလမ်းများ၊ ရွေးကောက်ပွဲတွင် နည်းပညာအကူအညီရယူ၍ ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်နိုင်မည့် နည်းလမ်းများ၊ နှစ်နိုင်ငံအကြား အသိပညာရှင်၊ အတတ်ပညာရှင်များ အပြန်အလှန် အတွေ့အကြုံဖလှယ်နိုင်မည့် နည်းလမ်းများကို နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးခြင်းမှတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေး ဆွေးနွေးနိုင်ခဲ့ပြီး ရုရှားနိုင်ငံ၏ ရွေးကောက်ပွဲကျင်းပပုံ နည်းလမ်းများ၊ ရွေးကောက်ပွဲ ကျင်းပနိုင်ရေး ဆောင်ရွက်မှု အခြေအနေများ၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ စီမံဆောင်ရွက်နေမှု အခြေအနေများ၊ ရုရှားနိုင်ငံ၏ ဓလေ့ထုံးစံများ၊ ယဉ်ကျေးမှုအမွေအနှစ်များနှင့် သမိုင်းဝင်ထင်ရှားသော နေရာများသို့ လေ့လာနိုင်ခဲ့သည့် အပြင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကိုလည်း ရှင်းနီးပွင့်လင်းစွာ ဆွေးနွေးပြောကြားခဲ့သည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတရွေးကောက်ပွဲကို ၂၀၂၄ ခုနှစ် မတ်လတွင် ကျင်းပမည်ဖြစ်ရာ အဆိုပါ ရွေးကောက်ပွဲသို့ လာရောက်လေ့လာရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌအား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌ Ella Pamfilova က ဖိတ်ကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပုသိမ်မြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**ပုသိမ် စက်တင်ဘာ ၁၂**

ပုသိမ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်သည့် ဇင်ပြွန်းကုန်းကျေးရွာအုပ်စု စမ်းတွင်းကြီးကျေးရွာရှိ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ( ပေ ၈၀၀၀ x ၁၀ ပေ x ၆ လက်မ)ကို ခွင့်ပြုငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ်လေးသန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ပုသိမ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးနိုင် (ဒုတိယညွှန်ကြားရေးမှူး)က ကွင်းဆင်းစစ်ဆေးရာ ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မိုးမြင့် (လက်ထောက်ညွှန်ကြားရေးမှူး)နှင့် ဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီဝင်များက လိုက်လံရှင်းလင်း တင်ပြခဲ့ကြောင်း သိရသည်။

ညပ



## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မြန်မာအီလက်ထရွန်နစ်မဲပေးစက်နှင့်စပ်လျဉ်းပြီး ရှင်းလင်း၍ လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၂**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က မြန်မာအီလက်ထရွန်နစ်မဲပေးစက်နှင့် စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့ သရုပ်ပြစမ်းသပ်မဲပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်နိုင်နှင့် ဒေါက်တာလင်းအောင်၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များနှင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး တာဝန်ရှိသူများက မြန်မာအီလက်ထရွန်နစ် မဲပေးစက်နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး အရာထမ်း၊ အမှုထမ်း ၁၂၉ ဦးက မဲပေးစက်ဖြင့်လက်တွေ့ သရုပ်ပြ ဆန္ဒမဲပေးခဲ့ကြ သည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် Myanmar Electronic Voting Machine (MEVM) စက်အား ဝန်ကြီးဌာန၊ အဖွဲ့အစည်းအသီးသီးသို့ လိုက်လံရှင်းလင်း စမ်းသပ်မဲပေးစေခြင်းဖြင့် MEVM အသုံးပြု မဲပေးခြင်း လုပ်ငန်းစဉ်များကို မဲဆန္ဒရှင် ပြည်သူများ ပွင့်လင်းမြင်သာစွာ လက်တွေ့ကျကျ သိရှိနားလည်ပြီး ပြည်သူအများ လက်ခံယုံကြည်သည့် ရွေးကောက်ပွဲများ ဖော်ဆောင်သွားနိုင်မည် ဖြစ်သည်။ ယနေ့အထိ ဝန်ကြီးဌာန အဖွဲ့အစည်း ၃၆ ခု၌ အရာထမ်း၊ အမှုထမ်းစုစုပေါင်း ၇၅၂၄ ဦးတို့က လက်တွေ့စမ်းသပ် မဲပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# ၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အလေးမပြိုင်ပွဲ ကျင်းပ

## ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၃ သင်း၊ အမျိုးသမီးအသင်း ၁၁ သင်း၊ ပြိုင်ပွဲဝင် ၁၇၂ ဦး ပါဝင်ယှဉ်ပြိုင်





**နေပြည်တော် စက်တင်ဘာ ၁၂**

အလေးမ အားကစားနည်း အဆင့်အတန်း တိုးတက်မြင့်မားလာစေရန်နှင့် မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ ၂၀၂၃ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အလေးမပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ အလေးမလေ့ကျင့်ရေးရုံ၌ စတင်ကျင်းပသည်။

**စံချိန်သစ်တင်**

ယနေ့တွင် ပြည်နယ်နှင့် တိုင်းဒေသကြီး အလေးမပြိုင်ပွဲ ပထမနေ့ ပြိုင်ပွဲပွဲစဉ်များအဖြစ် အမျိုးသား/ အမျိုးသမီး ဝိတ်တန်းအလိုက်ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားခဲ့ကြရာ အမျိုးသမီး ၄၅ ကီလိုတန်းပြိုင်ပွဲတွင် မယဉ်ယဉ်ထွေး(ပဲခူး)က ပထမ၊ မချိုဇင်မြင့်(မကွေး)က ဒုတိယ၊ မခိုင်သဇင်အောင်(ဧရာဝတီ)က တတိယနှင့် အမျိုးသား ၅၅ ကီလိုပြိုင်ပွဲတွင် မောင်ထက်အာကာဖြိုး (မကွေး)က ပထမ၊ မောင်ပြည့်စုံဦး (ဧရာဝတီ)က ဒုတိယနှင့် မောင်မျိုးမင်းထက်(ဧရာဝတီ)က တတိယရရှိခဲ့ကြပြီး မောင်ထက်အာကာဖြိုး (မကွေး)သည် ပြည်နယ်နှင့်တိုင်းဒေသကြီး ပြိုင်ပွဲသတ်မှတ်စံချိန် ၉၅ ကီလိုကို ၉၆ကီလိုဖြင့် အမြန်စံချိန်သစ်တင်နိုင်ခဲ့သည်။

အဆိုပါပြိုင်ပွဲသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဥက္ကါအေးနှင့် တာဝန်ရှိသူများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက် ကြည့်ရှုအားပေးခဲ့ကြသည်။

စက်တင်ဘာ ၁၃ ရက် နံနက် ၉နာရီတွင် ပြည်နယ်နှင့် တိုင်းဒေသကြီး အလေးမပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသမီး ၄၉ ကီလိုပြိုင်ပွဲ၊ အမျိုးသား ၆၁ ကီလိုပြိုင်ပွဲနှင့် အမျိုးသမီး ၅၅ ကီလိုပြိုင်ပွဲများကို ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အလေးမပြိုင်ပွဲကို စက်တင်ဘာ ၁၂ ရက် မှ ၁၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၃ သင်း၊ အမျိုးသမီးအသင်း ၁၁ သင်း၊ ပြိုင်ပွဲဝင်အင်အား စုစုပေါင်း ၁၇၂ ဦး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်၍ မည်သူမဆို အခမဲ့ လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ စာရင်းကောင်စီအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကျင်းပ





**နေပြည်တော် စက်တင်ဘာ ၁၂**

မြန်မာနိုင်ငံ စာရင်းကောင်စီအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေး (၃/၂၀၂၃)ကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စု စာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးက နိုင်ငံ့စီးပွားရေးကို မြှင့်တင်ရာတွင် စာရင်းပညာသည် အရေးသည့် ကဏ္ဍတစ်ရပ်အဖြစ် ပါဝင်ကြောင်း၊ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကကဏ္ဍ နှစ်ရပ်လုံးတွင် စာရင်းပညာဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သကဲ့သို့ အရည်အသွေးပြည့်ဝသည့် စာရင်းပညာရှင်နှင့် စာရင်းကျွမ်းကျင်သူများ တိုးပွားလာရန် လိုအပ်ကြောင်း၊ အမှုဆောင်အဖွဲ့ဝင်များအနေဖြင့် မြန်မာနိုင်ငံ စာရင်းကောင်စီ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုများကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး လုပ်ငန်းအဖွဲ့၏ တာဝန်ပေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်နှင့် ကောင်စီ၏ လုပ်ငန်းတာဝန်များ ပြည့်မြောက်အောင်မြင်စေရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ စာရင်းကောင်စီ အလုပ်အမှုဆောင်အဖွဲ့ဝင်များက အစိုးရဌာနများ၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် လက်မှတ်ရပြည်သူ့စာရင်းကိုင် (ဒုတိယပိုင်း) အောင်မြင်ပြီးသူ စာရင်းပညာရှင်များကို လက်မှတ်ရ ပြည်သူ့စာရင်းကိုင်(ပြည့်မီ) အဖြစ် ကနဦးမှတ်ပုံတင်ခြင်း၊ သက်တမ်းတိုးခြင်း၊ အလုပ်သင်များ၊ စာရင်းလုပ်ငန်းလုပ်ကိုင်သူများနှင့် စာရင်းလုပ်ငန်းများအတွက် မူဝါဒချမှတ်နိုင်ရေးနှင့် လိုက်နာရမည့် အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်နိုင်ရေး၊ သင်တန်းဆရာများ၏ မှတ်ပုံတင်သက်တမ်းတိုး နောက်ကျခြင်းနှင့် ဒဏ်ကြေးသတ်မှတ်ခြင်း၊ ဒီပလိုမာသင်တန်းများ တိုးချဲ့ဖွင့်လှစ်ပို့ချရန် ကိစ္စရပ်များ၊ ယခင်အစည်းအဝေးဆုံးဖြတ်ချက်များ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို အကြံပြု ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ (၁) ဒေါ်နိုင်သက်ဦး၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးဝင်းတည်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌနှင့် ကောင်စီအလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထို့ပြင် ပြည်ထောင်စုစာရင်းစစ်ချုပ်သည် ယမန်နေ့ မွန်းလွဲပိုင်းက မိုခါဆိုင်ကလုန်း မုန်တိုင်းဒဏ်သင့် ရခိုင်ပြည်နယ်မှ စာရင်းစစ်ရုံးဝန်ထမ်းများအတွက် မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း (MICPA)က ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ လှူဒါန်းငွေကျပ် သိန်း ၅၀ ကို လက်ခံရယူခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ကိုကို မြို့မရဲစခန်းမှူး ရဲမှူးညွှန့်အောင်တို့ ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များနှင့်မိသားစုများက စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း (မြို့မ) ကျောင်းဝင်း အတွင်း/ အပြင်၌ စုပေါင်းအမှိုက်ကောက်ခြင်း၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ မြက်နှင့် ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြစဉ်။

မြို့နယ်(ပြန်/ဆက်)

# မော်လမြိုင်မြို့နယ်၌ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်ပြပွဲ ပြုလုပ်

**မော်လမြိုင် စက်တင်ဘာ ၁၂**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ်(၉)လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စုတို့ ပူးပေါင်း၍ ယနေ့မွန်းလွဲပိုင်းက လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်ပြပွဲကို လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

**ဆွေးနွေးပြောကြား**

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စန်းမြင့်က ကျောင်းသား ကျောင်းသူများ အားလပ်ချိန်တွင် ကျောင်းစာသာမကပြင်ပစာပေများကို လေ့လာဖတ်ရှုကြရေး၊ စာပေများကို လေ့လာဖတ်မှတ်မှသာလျှင် အမှား/အမှန်၊အကောင်း/အဆိုး တို့ကို ဝေဖန်ပိုင်းခြားနိုင်သော လူငယ်များဖြစ်လာနိုင်ကြောင်းနှင့် ရဲအုပ်ချစ်ချစ်စိုးက လူကုန်ကူးမှုဆိုသည်မှာ လူကုန်ကူးမှုမခံရအောင်သိရှိထားရမည့်အချက်များ၊ သတိပြုရမည့်အချက်များကို ဆွေးနွေးပြောကြားပြီး လူကုန်ကူးမှုအန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။



ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အသိပညာပေး နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်များကို ပြသဆောင်ရွက်ခဲ့ရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုကြကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

# ရေဝတီတိုင်းဒေသကြီးအတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးငယ်များ၊ သက်ကြီးဘိုးဘွားများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများကို ထောက်ပံ့ကြေးပေးအပ်



နေပြည်တော် စက်တင်ဘာ ၁၂

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ယနေ့ နံနက်ပိုင်းတွင် ရေဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ရေဘွှေဝါခန်းမ၌ ကျင်းပသည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် ရေဝတီတိုင်းဒေသကြီးအတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက် နှစ်နှစ်အောက် ကလေးသူငယ်များ၊ အသက် ၈၅ နှစ်အထက် သက်ကြီးဘိုးဘွားများနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများသို့ ထောက်ပံ့ကြေးပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။

**ထောက်ပံ့ပေးသွားမည်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၌ အကျုံးဝင်သည့် အကျိုးခံစားခွင့်ရှိသူများ၏ အချက်အလက်များကို လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်စနစ် အသုံးပြု၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် ရေဝတီတိုင်းဒေသကြီးမှ အကျိုးခံစားခွင့်ရှိသူ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ် စုစုပေါင်း ၁၁၈၇၆၆ ဦးအတွက် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ လူမှုရေးပင်စင်အစီအစဉ်အနေဖြင့် အသက် ၈၅ နှစ်အထက် သက်ကြီးဘိုးဘွား ၃၁၇၇၂ ဦးကို စက်တင်ဘာလကုန်တွင် ထောက်ပံ့နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ရေဝတီတိုင်းဒေသကြီးအတွင်းရှိ တည်ထောင်ခွင့်ပြုမိန့်ရရှိပြီးသော ဂေဟာ/ရိပ်သာ ၃၁ ခု၊ စေတနာ့ပညာကျောင်း နှစ်ကျောင်း၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၁၀၀ တို့အတွက်ထောက်ပံ့ကြေးများပေးအပ်သွားမည်ဖြစ်ကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့်အတူ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပြည်သူလူထုအားလုံးက ဟန်ချက်ညီညီ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြခြင်းဖြင့် လူမှုရေးအကူအညီလိုအပ်သူများသည် မိမိကိုယ်မိမိ ယုံကြည်ချက်ရှိစွာ ရပ်တည်လာနိုင်ပြီး နိုင်ငံတော်အတွက် အားကိုးအားထားဖြစ်ရသော လူ့စွမ်းအားအရင်းအမြစ်များဖြစ်လာစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ရေဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက နှုတ်ခွန်းဆက် အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အကျိုးခံစားခွင့်ရှိသူ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များ၊ အသက် ၈၅ နှစ်အထက် သက်ကြီးဘိုးဘွားများအတွက် ထောက်ပံ့ကြေးများကို ရေဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ထံသို့ ပေးအပ်သည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးတို့က ထောက်ပံ့ငွေများကို ဂေဟာ/ရိပ်သာ တာဝန်ခံများသို့ ပေးအပ်ရာ ဂေဟာ/ရိပ်သာများကိုယ်စား ဟသ်ာတဘိုးဘွားရိပ်သာမှ ဂေဟာမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က အခမ်းအနားသို့ တက်ရောက်လာသည့် ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက် နှစ်နှစ်အောက် ကလေးများကို ထောက်ပံ့ငွေများ ပေးအပ်သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်၊ ဒုတိယ သုံးလပတ်အတွင်း ရေဝတီတိုင်းဒေသကြီးအတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသောအသက် နှစ်နှစ်အောက် ကလေးသူငယ်များ၊ အသက် ၈၅ နှစ်အထက် သက်ကြီးဘိုးဘွားများနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများသို့ ထောက်ပံ့ကြေး စုစုပေါင်းငွေကျပ် ၆၂၇၉ ဒသမ ၅၄၉ သန်း ပေးအပ်ခဲ့ကြောင်း သိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရေဝတီတိုင်းဒေသကြီးအတွင်းရှိ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့မှ အရာထမ်း/အမှုထမ်းများနှင့်တွေ့ဆုံ၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များကို ရှင်းလင်းပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပုသိမ်မြို့နယ် ချောင်းသာမြို့ အမှတ်(၃) ရပ်ကွက်တွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ၂၀၂၂ ခုနှစ်ကုန်ပိုင်းက တည်ဆောက်ပြီးစီးခဲ့သော Shelter သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျေးလက်နေပြည်သူများ ဝင်ငွေတိုးတက်စေရေး နေပြည်တော် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူးဖွင့်လှစ်၍ စက်ချုပ်နည်းပညာ သင်တန်းဖွင့်လှစ်



နေပြည်တော် စက်တင်ဘာ ၁၂

ကျေးလက်နေပြည်သူများ ဝင်ငွေတိုးတက်စေရေးအတွက် နေပြည်တော် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် စက်ချုပ်နည်းပညာ သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဒက္ခိဏသီရိမြို့နယ် ညောင်ကုန်း(စံပြ)ကျေးရွာ၌ ကျင်းပသည်။

အဆိုပါ သင်တန်းဖွင့်ပွဲတွင် နေပြည်တော် စီမံကိန်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက ယခုသင်တန်းဆင်းများအနက်မှ ထူးချွန်ပြီး အမှန်တကယ်လုပ်ငန်းပြန်လည်လုပ်ကိုင်မည့်သူ ငါးဦးကိုတစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းနှုန်းနှင့်ညီမျှသော လိုအပ်သည့် ရင်းနှီးပစ္စည်းများ သုံးစွဲခွင့်ပေးအပ်သွားမည်ဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် လက်တွေ့အသုံးချနိုင်သည်အထိ စနစ်တကျ လေ့လာသင်ယူကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး နေပြည်တော်ကောင်စီဝင်က စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့ဝင်များကို စီမံကိန်းဝတ်စုံများ ထောက်ပံ့ပေးအပ်သည်။

ထို့ပြင် နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ ညနေပိုင်းက ဒက္ခိဏသီရိ အသေးစားနှင့် အလတ်စားစက်မှုဇုန်သို့ရောက်ရှိပြီး စက်မှုဇုန်အတွင်း စက်ရုံ၊ အလုပ်ရုံများ ဆောက်လုပ်နေမှုနှင့် ဇုန်သန့်ရှင်းသာယာလှပရေးဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လယ်ဝေးမြို့နယ် စည်ပိုင်းကျေးရွာအုပ်စု ချမ်းသာကြီးကျေးရွာရှိ လယ်ဝေး-သစ်ပုတ်ပင်ကားလမ်း ပြန်လည်ပြုပြင်နေမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထို့ပြင် နေပြည်တော်ကောင်စီဝင်သည် ပုဗ္ဗသီရိမြို့နယ် အောင်သာယာရပ်ကွက်ရှိ မိုးသီရိအထည်ချုပ်လုပ်ငန်းစက်ရုံအတွင်း အထည်ချုပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး ဒေသတွင်း MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးဆောင်ရွက်နိုင်သည်များကို အချိန်နှင့်တစ်ပြေးညီ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျိုက်ထိုမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်းကျင်းပ

ကျိုက်ထို စက်တင်ဘာ ၁၂

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူငယ်ရေးရာကော်မတီနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်/လူရွယ်များ ဗလငါးတန် ဖွံ့ဖြိုးရေး လူငယ်စကားဝိုင်းကို ယနေ့ နံနက် ၉ နာရီခွဲခန့်က ကျိုက်ထိုမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။



ဦးစွာ စာပေချစ်သူများအသင်း အဖွဲ့ဝင် ဦးတင်ထွေးက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က လူငယ်စကားဝိုင်း ကျင်းပပေးရသည့် ရည်ရွယ်ချက်ကို ပြောကြားသည်။

**ဆွေးနွေး**

ဆက်လက်၍ စကားဝိုင်းကို ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိက အစီအစဉ်တင်ဆက်သူအဖြစ် ဆောင်ရွက်ပြီး မြို့နယ်အားကစားမှူး ဦးရန်နိုင်အောင်၊ အထက(၂)ကျောင်းမှ မောင်စစ်နိုင်ဦး၊ မထူးမြတ်ကေရီ၊ မသင်းပြည့်ပြည့်အေးတို့က "လူငယ်နှင့်အားကစား"၊ "အောင်မြင်မှုအတွက် ဘဝဟန်ချက်"၊ "ယနေ့ခေတ်လူငယ်တွေ သိနေတဲ့ယဉ်ကျေးမှု"၊ "လူငယ်နှင့်အချိန်" ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ကျောင်းသားကျောင်းသူများက သိလိုသည်များကို အပြန်အလှန် မေးမြန်းဆွေးနွေးကြရာ စကားဝိုင်းပါဝင်ဆွေးနွေးသူများနှင့် စာပေချစ်သူများ၊ အသင်းအဖွဲ့ဝင်များက ပြန်လည်ရှင်းလင်း ဖြေကြားပေးခဲ့ကြပြီး အထက(၂) ကျောင်းအုပ်ဆရာကြီး ဦးဝင်းထွဋ်အောင်က ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် နံရံကပ်စာစောင်များ၊ စာအုပ်စာစောင်များကို လူငယ်စကားဝိုင်း ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူတို့က ကြည့်ရှု လေ့လာခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် ရန်ကုန်မြို့ပေါ်ရှိ တက္ကသိုလ်များနှင့် ပညာရေးဒီဂရီကောလိပ်များမှ မြန်မာစာပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများနှင့် တွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၁၂

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ပေါ်ရှိ တက္ကသိုလ်များနှင့် ပညာရေးဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ မြန်မာစာပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများနှင့် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် သထုံလမ်းရှိ အဆင့်မြင့်ပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။



တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက မြန်မာစာဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းပြီးပါက မြန်မာစာအဖွဲ့နှင့် ပူးပေါင်းကာ မြန်မာစာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တိုးမြှင့်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ အင်္ဂလိပ်-မြန်မာ အဘိဓာန်၊ ခေတ်ပေါ်ဝေါဟာရ အဘိဓာန်၊ မြန်မာနာမည် အင်္ဂလိပ်စာလုံးပေါင်းစနစ်၊ မြန်မာစာလုံးပေါင်းသတ်ပုံ အလွယ်ခွဲခြားမှတ်သားနည်း၊ မြန်မာစကားသံလေ့လာမှုပညာ စာအုပ်တို့ကို မြန်မာစာပညာရှင်များ၊ အင်္ဂလိပ်စာပညာရှင်များ စုစည်းအင်အားဖြင့် ပြုစုထုတ်ဝေနိုင်ရန် လိုအပ်နေသောကြောင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ပါမောက္ခချုပ်များ၊ ဆရာကြီး ဆရာမကြီးများက အကြံပြုဆွေးနွေးကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ရန်ကုန်ပညာရေးတက္ကသိုလ် စာကြည့်တိုက်သို့ ရောက်ရှိပြီး စာကြည့်တိုက် အဆင့်မြှင့်တင်ထားရှိမှု၊ စာအုပ်များစနစ်တကျထားရှိမှု၊ စာအုပ်စာရင်းများ မျိုးတူစုအလိုက် ပြုစုထားရှိမှု၊ နိုင်ငံတကာတက္ကသိုလ် စာကြည့်တိုက်များနှင့် e-library စနစ်ချိတ်ဆက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်



ရန်ကုန် စက်တင်ဘာ ၁၂

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ စက်တင်ဘာ ၆ ရက်က ကျင်းပသော ASEAN Indo Pacific Forum ၏ Business Matching သို့ မြန်မာ၊ ဘရူနိုင်း၊ ထိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ ကိုယ်စားလှယ်များက မိမိတို့နိုင်ငံများတွင် ရင်းနှီးမြှုပ်နှံမှုများ လာရောက်လုပ်ကိုင်ကြရန် Project Proposal Presentation များ ပြုလုပ်ခဲ့ကြသည်။

မြန်မာကိုယ်စားလှယ်က မြန်မာနိုင်ငံ ဗမာတိုင်းရင်းသားလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးကျော်ဒေဝ က "International Fishing Port Development at Southern Myanmar" ခေါင်းစဉ်ဖြင့် Project Proposal အကြောင်း ရှင်းလင်းတင်ပြ၍ မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

Project Proposal ရှိရာ မြိတ်မြို့သည် ကျွန်းပေါင်း ၈၀၀ ကျော်နှင့် အမျိုးမျိုးသော ရေထွက်ပစ္စည်းများ ပေါကြွယ်ဝသည့် အန်ဒမန်ပင်လယ် (ရေမျက်နှာပြင် ၆၀၀၀၀၀ စတုရန်းကီလိုမီတာ)၏ အချက်အချာကျသော နေရာတွင် ရှိပါကြောင်း၊ Project ၏ Industrial Land ဧရိယာအကျယ်အဝန်းမှာ ၁၀၃ ဧကရှိပါကြောင်း၊ အာရှ၏ Main Fisheries Hub ဖြစ်လာနိုင်ပါကြောင်း၊ Project Development Time Line မှာ ၃~၅ နှစ် ဖြစ်ပါကြောင်း၊ Cold Storage Factory (3,000~5,000 MT), Value-added Canning Factory, Packaging Factory၊ တစ်ချိန်တည်းတွင် ရေထွက်ပစ္စည်းများ အတင်အချပြုလုပ်နိုင်သည့် Fishing Vessel (၃၀~၅၀) ဆံ့ Shipyard နှင့် Power Plant တည်ဆောက်ခြင်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ပါကြောင်း၊ အရင်းကျေကာလမှာ ယေဘုယျအားဖြင့် ၅~၇ နှစ် ဖြစ်ပါကြောင်း စသည့်ဖြင့် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ရိုးရာမွေနှစ်နှင့် မျိုးဆက်သစ်တို့တာဝန်

**အဆို**

ငြိမ့်ညောင်းသံစဉ် ဂန္ထဝင်
စည်ပင်ပွားဖို့ ဆိုကြစို့။
ကာရန်နရီ စည်းဝါးညီ
ချိုအီငြိမ့်ငြိမ့် ဘဝင်သိမ့်။

**အက**

မူဟန်နွဲ့နှောင်း ခြေလက်ခေါင်း
သွဲ့ပြောင်းညင်သာ ယဉ်ကျေးစွာ။
ဝန်းဝိုင်းပန်တျာ မုဒြာ
ကဗျာဟန်လှ သုခမ။
ခြေလက်ခေါင်းခါး ကော့ ကန် ကား
မျိုးခြားစွက်ဖက် မျက်စိရှက်။

**အရေး**

ဒုံး ညီ စည်းဝါး သီချင်းသား
လေးထားကာရန် မြန်မာသံ။
သံနေသံထား တေးစာသား
ဟန်ထားပေါ်လွင် အသက်ဝင်။

**အတီး**

ဘယ်ညာတွဲမှီ ဟန်ချက်ညီ
နရီကျနတီးမှုတ်ရ။
ဖြတ် ရပ် စောင့် နား အကင်းပါး
စည်းဝါးညီညာ ကျွမ်းလိမ္မာ။
ရိုးပေါ်ရှက်ဖုံး မကျင့်သုံး
တီးလုံးလက်သံ ရိုးရာမှန်။

**ဦးတည်ချက်**

ဆိုကရေးတီး သဘင်ကြီး
ဝှံချီးသြဘာ ထောမနာ။
မျိုးဆက်သစ်တွေ ရိုးရာမွေ
မသွေထိန်းရ စောင့်ရှောက်ကြ။

(မြန်မာ့ရိုးရာ ဆို က ရေး တီး ပြိုင်ပွဲကြီးအား ကြိုဆိုဂုဏ်ပြုလျက်)

ကျော်စောဟန်



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိုးညှင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး နိုင်ဦးကျော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဇော်အောင်နှင့် တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များက စက်တင်ဘာ ၉ ရက်တွင် ဘုရားကြီးဝင်းအတွင်းရှိ သစ်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်သရိုက်များ လှည်းကျင်းခြင်းနှင့် မီးရှို့ရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြစဉ်။

ရွှေမိုးညှင်း

# ရန်ကုန်တိုင်းဒေသကြီး အဆို၊ အက၊ အရေး၊ အတီး ခရိုင်အဆင့်ပြိုင်ပွဲ ဖွင့်လှစ်

ရန်ကုန် စက်တင်ဘာ ၁၂

ရန်ကုန်တိုင်းဒေသကြီး၏ (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ခရိုင်အဆင့် အနောက်ပိုင်းဇုန် (ကျောက်တံတားခရိုင်၊ အလုံခရိုင်၊ ကမာရွတ်ခရိုင်၊ မရမ်းကုန်းခရိုင်)ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ MCC ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ကျောက်တံတားခရိုင် အုပ်ချုပ်ရေးမှူး ဦးဥက္ကာက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲအားကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ အဆို၊ အက၊ အရေး၊ အတီး ခရိုင်အဆင့် အနောက်ပိုင်းဇုန်ပြိုင်ပွဲ အဖွင့်သီချင်းဖြစ်သည့် အောင်ပါစေသီချင်းကို ရန်ကုန်တိုင်းဒေသကြီး သဘင်အစည်းအရုံး ဘဏ္ဍာရေးမှူး ဦးမင်းဦးက သီဆိုပြီး ရန်ကုန်ပန်တျာကျောင်းမှ မောင်လျှမ်းထက်နှင့် မပပလှိုင်တို့က တင်ဆက် ကပြကြသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားတွင် ဖျော်ဖြေတင်ဆက်သူများအား ခရိုင်အဆင့် အနောက်ပိုင်းဇုန်မှ တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ကြသည်။



ယနေ့ကျင်းပသောပြိုင်ပွဲကြီးတွင် အဆိုပြိုင်ပွဲဝင် ၇၄ ဦး၊ အကပြိုင်ပွဲဝင် ၄၀၊ အရေးပြိုင်ပွဲဝင် ၁၄ ဦး၊ အတီးပြိုင်ပွဲဝင် ၈၆ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး စက်တင်ဘာ ၁၂ ရက်မှ ၁၃ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန ကျူနာငါးမျှားတန်း ငါးဖမ်းလုပ်ငန်းအဆိုပြုလွှာခေါ်ယူခြင်း အသိပေးကြေညာခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်၊ မြန်မာ့ရေပိုင်နက်မျဉ်း၏အပြင်ဘက် သီးသန့်စီးပွားရေးဇုန်အတွင်း နိုင်ငံခြားငါးဖမ်းရေယာဉ်များအား ကျူနာငါးမျှားတန်းစနစ်ဖြင့် ငါးဖမ်းဆီးခြင်းကို မြန်မာနိုင်ငံသားပိုင် ကုမ္ပဏီများ၏တာဝန်ယူမှုဖြင့် သတ်မှတ်ထားသော ကျူနာငါးမျှားတန်းစနစ်ဖြင့် ငါးဖမ်းဆီးခွင့်ပြုခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်စာချုပ်နှင့်အညီ ခွင့်ပြုဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၂။ နိုင်ငံခြားကျူနာငါးမျှားတန်း ငါးဖမ်းရေယာဉ်များဖြင့် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လိုသော နိုင်ငံသားပိုင်ကုမ္ပဏီများ အနေဖြင့် လုပ်ငန်းလုပ်ကိုင်ခွင့်အဆိုပြုလွှာများကို (၂၈-၉-၂၀၂၃)ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန
ရုံးအမှတ်(၃၆)၊ ပဏ္ဍိတလမ်း၊ နေပြည်တော်
ဖုန်း၊ ၀၆၇-၄၁၈၅၃၀၊ ၀၆၇-၄၀၈၄၇၇

## ဓာတ်ခွဲနမူနာစုစုပေါင်း ၅၆၁၁ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦးတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၂-၉-၂၀၂၃) ရက်နေ့ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၁၁-၉-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၂-၉-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၆၁၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၄) ရာခိုင်နှုန်း ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ် -၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၏ အကြိမ်(၄၀)မြောက် အစည်းအဝေးတွင် ပိုးသတ်ဆေး ၁၂၂ မျိုးကို အတည်ပြုပေးနိုင်ရေးဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၂**

ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၏ အကြိမ်(၄၀) မြောက် အစည်းအဝေးကို ယနေ့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် သက်ဆိုင်ရာဌာနများ ပူးပေါင်းပါဝင်သည့် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။



**စိစစ်ဆောင်ရွက်လျက်ရှိ**

အစည်းအဝေးတွင် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီးက သီးနှံအထွက်နှုန်းတိုးတက်စေရေးအထောက်အကူပြု သွင်းအားစုတစ်ခုဖြစ်သည့် ပိုးသတ်ဆေးကိုသုံးစွဲရာ၌ အရည်အသွေးပြည့်မီပြီး အန္တရာယ်ကင်းသော ပိုးသတ်ဆေးများကို ထိရောက်စွာအသုံးပြုနိုင်ရန် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့အနေဖြင့် စိစစ်ဆောင်ရွက်လျက်ရှိသကဲ့သို့ ပိုးသတ်ဆေးမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း လုပ်ငန်းစဉ်များကိုလည်း စနစ်တကျ ပိုမိုကောင်းမွန်စေရန် ပြုပြင်ပြောင်းလဲဆောင်ရွက်ရန်လိုကြောင်း၊ ပြည်ပပို့ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းများ စစ်ဆေးတွေ့ရှိမှုသည် မိမိတို့နိုင်ငံ၏ ကုန်သွယ်မှုအခွင့်အလမ်းများ လျော့ကျလာနိုင်သည်ကို အထူးသတိထား၍ ပိုးသတ်ဆေးအမျိုးအစားတစ်မျိုးချင်းစီအပေါ်တွင် ရှုထောင့်မျိုးစုံမှ ပြန်လည်သုံးသပ်ပြီး ဓာတ်ကြွင်းများကြောင့် ထိခိုက်မှုမရှိစေရေးနှင့် စားသုံးသူများ ဘေးအန္တရာယ်ကင်းစင်ရေးအတွက် မိမိတို့ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့ဝင်များအနေဖြင့် အလေးအနက်ထား ဆောင်ရွက်ကြစေလိုကြောင်း၊ ပိုးသတ်ဆေးနှင့်ပေါင်းသတ်ဆေးများကို သုံးစွဲရာတွင်လည်း တောင်သူကြီးများ ဝယ်ယူသုံးစွဲသည့်အချိန်မှ စိုက်ခင်းအတွင်းသုံးစွဲသည်အထိ လိုက်နာဆောင်ရွက်ရန်ရှိသည့် အချက်များကိုလည်း ကျယ်ကျယ်ပြန့်ပြန့် နည်းပညာပေးရန် လိုအပ်နေကြောင်း၊ မိမိတို့နိုင်ငံ၏ စိုက်ပျိုးရေးကိုလည်း ဓာတုဆေးဝါးများကို မှီခိုနေရသည့် အခြေအနေမှ ကျန်းမာသောဂေဟစနစ်ကိုအခြေခံသည့် စိုက်ပျိုးရေးဖြစ်စေရန် တောင်သူလယ်သမားများနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

**ဖတ်ကြားတင်ပြ**

ထို့နောက် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ညွှန်ကြားရေးမှူး ဦးဇော်လင်းက အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ရမည့် လုပ်ငန်းများကို ဖတ်ကြားတင်ပြရာ အစည်းအဝေးတက်ရောက်လာကြသူများက အကြောင်းအရာတစ်ခုချင်းအလိုက် ဆွေးနွေးကြသည်။

သီးနှံဖျက်ပိုးမွှားများကြောင့် သီးနှံအထွက်နှုန်းနှင့် အရည်အသွေး ထိခိုက်မှုမရှိစေရန် အထောက်အကူပြု စိုက်ပျိုးရေးသွင်းအားစုတစ်ခုဖြစ်သည့် ပိုးသတ်ဆေးများ အရည်အသွေးပြည့်မီရန်၊ အန္တရာယ်ကင်းသော ပိုးသတ်ဆေးများကို ထိရောက်စွာအသုံးပြုနိုင်ရန် တည်ဆဲပိုးသတ်ဆေးဥပဒေနှင့်အညီ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယနေ့ကျင်းပသည့် အကြိမ်(၄၀)မြောက် အစည်းအဝေးတွင် ပိုးသတ်ဆေး နည်းပညာကော်မတီဝင်များက စိစစ်ပြီး တင်ပြလာသည့် ပိုးသတ်ဆေး ၁၂၂ မျိုးကို အတည်ပြုပေးနိုင်ရေး ဆွေးနွေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပပြုလုပ်သည့် ရုရှား-မြန်မာ နှစ်နိုင်ငံ ဗိုလ်လောင်းများ ရေကူးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် မြန်မာ့တပ်မတော်ဗိုလ်လောင်းများ ပြန်လည်ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၂**

မြန်မာ့တပ်မတော် အနေဖြင့် ပြည်ပနိုင်ငံများ၏တပ်မတော်များနှင့် ဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာအားကောင်းစေရန် အပြန်အလှန် လေ့လာရေးခရီးစဉ်များ စေလွှတ်ခြင်း၊ ချစ်ကြည်ရေး အားကစားပြိုင်ပွဲများ ကျင်းပခြင်းနှင့် နိုင်ငံတကာတပ်မတော် အားကစား ပြိုင်ပွဲများသို့ ဝင်ရောက် ယှဉ်ပြိုင်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ မြန်မာ့တပ်မတော်နှင့် ရုရှားတပ်မတော် နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာအားကောင်းလာစေရန်ရည်ရွယ်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ရှိ ရုရှားတပ်မတော် အားကစားတက္ကသိုလ်၌ စက်တင်ဘာ ၅ ရက်မှ ၁၀ ရက်အထိ ကျင်းပပြုလုပ်သည့် ရုရှား-မြန်မာ နှစ်နိုင်ငံ ဗိုလ်လောင်းများရေကူး ပြိုင်ပွဲ (Russia-Myanmar Cadets Swimming Competition)သို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ ရေကူးပြိုင်ပွဲသို့ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြသည့် မြန်မာ့တပ်မတော်မှ အသင်းအုပ်ချုပ်သူ နည်းပြအရာရှိကြီးနှင့် ပြိုင်ပွဲဝင် ဗိုလ်လောင်းများသည် စက်တင်ဘာ ၅ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့သို့ ရောက်ရှိကြရာ ရုရှားတပ်မတော်မှ တာဝန်ရှိသူများက ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။ ရုရှား-မြန်မာ နှစ်နိုင်ငံ ဗိုလ်လောင်းများရေကူး ပြိုင်ပွဲကို စက်တင်ဘာ ၅ ရက်မှ ၁၀ ရက်အထိ ပြိုင်ပွဲအမျိုးအစား ၁၅ မျိုးဖြင့် ကျင်းပယှဉ်ပြိုင်ခဲ့ကြပြီး မြန်မာ့တပ်မတော်မှ ပြိုင်ပွဲဝင် ဗိုလ်လောင်းများ အနေဖြင့် ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်သုံးခု၊ ကြေးတံဆိပ် ၁၂ ခု ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကာ တာဝန်ရှိသူများက ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့ပြင် မြန်မာ့တပ်မတော်မှ အသင်းအုပ်ချုပ်သူ နည်းပြအရာရှိကြီးနှင့် ပြိုင်ပွဲဝင် ဗိုလ်လောင်းများသည် စိန့်ပီတာစဘတ်မြို့ရှိ ရုရှားတပ်မတော် အားကစား တက္ကသိုလ်၊ အမြောက်သမိုင်းပြတိုက်၊ AVRORA စစ်သင်္ဘောပြတိုက်နှင့် အထင်ကရနေရာများသို့ သွားရောက်လေ့လာခြင်း၊ ရုရှားတပ်မတော်မှ ပြိုင်ပွဲဝင် ဗိုလ်လောင်းများနှင့်အတူ အမှတ်တရ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခြင်းနှင့် လက်ဆောင်ပစ္စည်းအပြန်အလှန် လဲလှယ်ခြင်းများကို ဆောင်ရွက်ခဲ့ကြပြီး တပ်မတော်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုများကို တိုးမြှင့်နိုင်ခဲ့ကြသည်။

အဆိုပါ မြန်မာ့တပ်မတော်မှ အသင်းအုပ်ချုပ်သူ နည်းပြအရာရှိကြီးနှင့် ပြိုင်ပွဲဝင် ဗိုလ်လောင်းများသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။

မြန်မာ့ တပ်မတော်အနေဖြင့် အရာရှိ၊ စစ်သည်များနှင့် ဗိုလ်လောင်းများအား နိုင်ငံတကာ အတွေ့အကြုံများ ရရှိစေရေး၊ စစ်ဘက် အဖွဲ့အစည်းများ၏ ပြိုင်ပွဲယှဉ်ပြိုင်မှု အတွေ့အကြုံများနှင့် ချစ်ကြည်ရင်းနှီးမှုများရရှိစေရေးအတွက် တပ်မတော်အချင်းချင်း အပြန်အလှန် လေ့လာရေးခရီးစဉ်များ စေလွှတ်ခြင်းနှင့် နိုင်ငံတကာ တပ်မတော် အားကစားပြိုင်ပွဲများသို့ ပါဝင်ယှဉ်ပြိုင်ခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အမေရိကန်နိုင်ငံက ဆီးရီးယားနိုင်ငံရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့များ ခိုးထုတ်ရန် ရည်ရွယ်ချက်ဖြင့် စစ်စခန်းများကို တည်ဆောက်ခဲ့

ဒမတ်စကတ် စက်တင်ဘာ ၁၂

အမေရိကန်နိုင်ငံက ဆီးရီးယားနိုင်ငံရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့များ ခိုးထုတ်ရန် ရည်ရွယ်ချက်ဖြင့် စစ်စခန်းများကို တည်ဆောက်ခဲ့ကြောင်း ဆီးရီးယား တာဝန်ရှိသူများ က ပြောကြားသည်။

ပြီးခဲ့သည့်သီတင်းပတ်အတွင်း လောင်စာဆီတင်ကားများဖြင့် ဆီးရီးယားနိုင်ငံ အတွင်းမှ ရေနံများကို အမေရိကန်တပ်ဖွဲ့များက ခိုးထုတ်ခဲ့ကြောင်း သိရသည်။

နိုင်ငံအတွင်းရှိလောင်စာဆီကြွယ်ဝသည့်ဒေသအများအပြားမှာ ဆီးရီးယားအစိုးရ ၏ ထိန်းချုပ်မှုအောက်တွင်မရှိဘဲ အမေရိကန်တပ်ဖွဲ့များနှင့် ၎င်းတို့၏ ဩဇာခံ ဆီးရီးယား ဒီမိုကရက်တစ်တပ်ဖွဲ့တို့၏ ထိန်းချုပ်မှုအောက်တွင်ရှိနေပြီး ယင်းဒေသ များကို အစိုးရက ပြန်လည်သိမ်းပိုက်ရန်ခက်ခဲနေ၍ ၎င်းအချက်ကို အခွင့်ကောင်း ယူကာ အမေရိကန်နှင့်ဆီးရီးယားဒီမိုကရက်တစ်တပ်ဖွဲ့များသည် ဆီးရီးယားအရှေ့ပိုင်း ရှိ ဒေါ်လာဘီလီယံပေါင်းများစွာတန်ကြေးရှိသည့် လောင်စာဆီများကို ခိုးထုတ်ခဲ့သည် ဟု ဆီးရီးယားတာဝန်ရှိသူများက ထပ်လောင်းပြောကြားသည်။

အမေရိကန်သည် ဆီးရီးယားနိုင်ငံအတွင်းရှိ စစ်သွေးကြွများကို တိတ်တဆိတ် သင်တန်းပေးခြင်း၊ လက်နက်တပ်ဆင်ပေးခြင်းနှင့် ငွေကြေးထောက်ပံ့ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း ဆီးရီးယားတာဝန်ရှိသူများ၊ ရုရှားစစ်ဘက်နှင့် အီရန်တော်လှန်ရေး အစောင့်တပ်တို့မှ တာဝန်ရှိသူများက မှတ်ချက်ပြုပြောကြားသည်။

အမေရိကန်သည် ဆီးရီးယားနိုင်ငံရှိ အကြမ်းဖက်သမားများအား ငွေကြေး ထောက်ပံ့ရန်အတွက် ရည်ရွယ်ချက်ရှိရှိဆောင်ရွက်နေကြောင်း အီရတ်ပါလီမန် တာဝန်ရှိသူ A'ed al-Helali က မှတ်ချက်ပြု ပြောကြားသည်။

အမေရိကန်တပ်ဖွဲ့ဝင်များ ဆီးရီးယားနိုင်ငံတွင် တပ်စွဲထားရခြင်းမှာ လောင်စာဆီ တရားမဝင်ရယူရန်ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း အမေရိကန်သမ္မတ ဟောင်း ထရမ့်က ပြောကြားခဲ့သည်။

ကိုးကား - စပွတ်ညစ်
ဘာသာပြန် - စိုးသူရ



# အင်ဒိုနီးရှားနိုင်ငံ၌ ကာဗွန်ထိန်းသိမ်းရေးနည်းပညာကဏ္ဍတွင်ရင်းနှီးမြှုပ်နှံရန် တွန်းအားပေးဆောင်ရွက်



ဂျကာတာ စက်တင်ဘာ ၁၂

အင်ဒိုနီးရှားနိုင်ငံသည် အရှေ့တောင် အာရှဒေသအတွင်း ကာဗွန်ဓာတ်ငွေ့ ထုတ်လွှတ်မှု လျှော့ချရေးကြိုးပမ်းမှုအဖြစ် ကာဗွန်ထိန်းသိမ်းရေး နည်းပညာကဏ္ဍ တွင် ရင်းနှီးမြှုပ်နှံရန် စီးပွားရေးလုပ်ငန်း များကို တွန်းအားပေးနေကြောင်း အင်ဒိုနီးရှားနိုင်ငံ ပင်လယ်ရေကြောင်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက် ရေးဝန်ကြီး လူဟတ်ဘင်ဆာပန်ဂျေတန် က စက်တင်ဘာ ၁၁ ရက်တွင် ပြောကြား သည်။

## အလားအလာများရှိ

၎င်း ကာဗွန်ထိန်းသိမ်းရေး နည်းပညာဖြင့် ကာဗွန်ဓာတ်ငွေ့တန်ချိန် ၄၀၀ ဂီဂါတန်အထိ ထိန်းသိမ်းသွားနိုင် ရန် အလားအလာများရှိကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံသည် အဆိုပါ ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမည့် စီးပွားရေး လုပ်ငန်းများအတွက် အလားအလာ ကောင်းရှိနေကြောင်း ၎င်းက မှတ်ချက်ပြု ပြောကြားသည်။ နိုင်ငံအတွင်းရှိ အာချေး ပြည်နယ်၊ ဂျဗားဒေသ၊ ကာလီမန်တန် ကျွန်းတို့တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်သည့် လုပ်ငန်းများရှိနေသော ကြောင့် ကာဗွန်ဓာတ်ငွေ့ဆိုင်ရာအခွန် ကောက်ခံရန် ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ၌ မေလအတွင်း က နိုင်ငံ၏ ကာဗွန်ထိန်းသိမ်းမှုနည်းပညာ များ တိုးတက်လာစေရေးအတွက် ကာဗွန် သိုလှောင်ရေး စင်တာတစ်ခုကို စတင် ဖွင့်လှစ်ခဲ့သည်။ နိုင်ငံအတွင်း စက်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု ရှိလာသည် နှင့်အမျှ စွမ်းအင်လိုအပ်ချက် ကြီးမားလာ မည်ဖြစ်သည့်အတွက် ကာဗွန်ဓာတ်ငွေ့ ထုတ်လွှတ်မှုလျှော့ချရေးကို ဦးစားပေး လုပ်ငန်းအဖြစ် ဆောင်ရွက်ရမည် ဖြစ်ကြောင်း ၎င်းက ထပ်လောင်း ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

# လစ်ဗျားနိုင်ငံ၏ နေ့စဉ်ရေနံထုတ်လုပ်မှု ရေနံစည်ပေါင်း ၁ ဒသမ ၂၀၇ သန်းရှိ



ထရီပိုလီ စက်တင်ဘာ ၁၂

လစ်ဗျားနိုင်ငံ၏ နေ့စဉ်ရေနံ ထုတ်လုပ်မှုသည် ရေနံစည်ပေါင်း ၁ ဒသမ ၂၀၇ သန်းရှိကြောင်း လစ်ဗျားနိုင်ငံ၏ နိုင်ငံပိုင်အမျိုးသားရေနံကော်ပိုရေးရှင်း က စက်တင်ဘာ ၁၁ ရက်တွင် ပြောကြား သည်။

## ထုတ်လုပ်နိုင်ခဲ့

အာဖရိကမြောက်ပိုင်းဒေသမှ နိုင်ငံ တစ်ခုဖြစ်သည့် လစ်ဗျားနိုင်ငံသည် ဩဂုတ်လအတွင်းက ရေနံစိမ်း စည်ပေါင်း ၃၆ ဒသမ ၅ သန်းကျော်ထုတ်လုပ်နိုင်ခဲ့ ကြောင်းနှင့် သဘာဝဓာတ်ငွေ့ကုဗမီတာ ၁ ဒသမ ၀၇ ဘီလီယံခန့် ထုတ်လုပ်နိုင်ခဲ့ ကြောင်း လစ်ဗျားနိုင်ငံပိုင်အမျိုးသား ရေနံကော်ပိုရေးရှင်းက ပြောကြားသည်။

ရေနံနှင့် သဘာဝဓာတ်ငွေ့သည် လစ်ဗျားနိုင်ငံ၏ စီးပွားရေးတွင် အဓိက အခန်းကဏ္ဍမှ ပါဝင်ခဲ့ပြီး လက်နက်ကိုင် ပဋိပက္ခများနှင့် ရေနံမြေနှင့် ရေနံတင်ပို့ သည့် ဆိပ်ကမ်းများ၌ အနှောင့်အယှက် များ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် ပြီးခဲ့သည့်နှစ် များအတွင်း စိန်ခေါ်မှုများနှင့် ရင်ဆိုင်ခဲ့ရ ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်

# မော်ရိုကိုနိုင်ငံ၌ ငလျင်လှုပ်ခတ်မှုကြောင့် သေဆုံးသူ ၂၈၀၀ ကျော်ရှိလာ

ရာဘတ် စက်တင်ဘာ ၁၂

မော်ရိုကိုနိုင်ငံ၌ ငလျင်လှုပ်ခတ်မှု ကြောင့် သေဆုံးသူ ၂၈၆၂ ဦးရှိခဲ့ကြောင်း နှင့် အခြားသော ၂၅၆၂ ဦးသည် ဒဏ်ရာ ရရှိခဲ့ကြောင်း မော်ရိုကိုနိုင်ငံအစိုးရ၏ နောက်ဆုံးထုတ်ပြန်သည့် ထုတ်ပြန်ချက် အရ သိရသည်။

## ရောက်ရှိနေပြီ

စပိန်နိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့မှ စေလွှတ်ခဲ့သော ရှာဖွေကယ်ဆယ်ရေး အဖွဲ့များသည်လည်း ငလျင်ဗဟိုချက် အနီးရှိ Amizmiz ကျေးရွာသို့ ရောက်ရှိနေ ပြီဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ငလျင်ဒဏ်အများဆုံး ခံခဲ့ရသည့် တောင်တန်းဒေသများတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် အဆိုပါငလျင်ဒဏ်သင့်ဒေသ များသို့ ဓာတ်ဆီအထောက်အပံ့များ ပြတ်လပ်လျက် ရှိနေဆဲဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနမှ သတင်းထောက် များက သုံးသပ်ပြောကြားသည်။

မော်ရိုကိုနိုင်ငံ၌ လှုပ်ခတ်ခဲ့သည့် ပြင်းအား ၆ ဒသမ ၈ အဆင့်ရှိ အဆိုပါ ငလျင်သည် စက်တင်ဘာ ၈ ရက် ဒေသ စံတော်ချိန် ည ၁၁ နာရီ ၁၁ မိနစ်တွင် အနက် ၁၈ ဒသမ ၅ ကီလိုမီတာတွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန် နိုင်ငံ ဘူမိဗေဒစစ်တမ်းအရ သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်



# အစ္စရေးနိုင်ငံ၌ အစိမ်းရောင်ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှု လျှော့ချရေးအတွက် ရာသီဥတုထိန်းသိမ်းရေးဥပဒေပြဋ္ဌာန်းမည်

ဂျေရုဆလင် စက်တင်ဘာ ၁၂

အစ္စရေးနိုင်ငံ၌ အစိမ်းရောင်ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေး အတွက် ပထမဆုံးအကြိမ်အဖြစ် ပြီးပြည့်စုံသည့် ရာသီဥတုထိန်းသိမ်းရေးဥပဒေကို ပြဋ္ဌာန်းမည်ဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနက စက်တင်ဘာ ၁၁ ရက်တွင် ပြောကြားသည်။

၎င်းဥပဒေအရ နိုင်ငံအတွင်း အစိမ်းရောင်ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု ပမာဏကို ၂၀၃၀ ပြည့်နှစ်တွင် ၃၀ ရာခိုင်နှုန်းနှင့် ၂၀၅၀ ပြည့်နှစ်တွင် သုညအဆင့် အထိ လျှော့ချသွားရေး ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အစ္စရေးနိုင်ငံတွင် ၂၀၂၂ ခုနှစ်က ထုတ်လွှတ်ခဲ့သည့် အစိမ်းရောင်ဖန်လုံအိမ် ဓာတ်ငွေ့ပမာဏသည် ၂၀၂၁ ခုနှစ်ကထက် ၃ ဒသမ ၅ ရာခိုင်နှုန်း များပြားနေ ကြောင်း ယင်းဝန်ကြီးဌာနက ထပ်လောင်းပြောကြားသည်။ ၎င်းဥပဒေအရ ရာသီဥတု ထိန်းသိမ်းရေးဆိုင်ရာဝန်ကြီးအဖွဲ့က မူဝါဒများချမှတ်နိုင်ရန် ရာသီဥတုထိန်းသိမ်းရေး ဆိုင်ရာကောင်စီနှင့် ပညာရှင်များဖြင့်ဖွဲ့စည်းထားသည့် ပြန်လည်သုံးသပ်ရေးကော်မတီ တို့ကို ဖွဲ့စည်းသွားမည်ဖြစ်သည်။

ရာသီဥတုဥပဒေတစ်ရပ်ကို ၂၀၂၂ ခုနှစ် မေလတွင် ယခင်အစိုးရက အတည်ပြု ခဲ့သော်လည်း ပါလီမန်က အတည်ပြုရန် ပျက်ကွက်ခဲ့သည်။

နိုင်ငံအတွင်းရှိ သက်ဆိုင်ရာဝန်ကြီးဌာနများက အတည်ပြုခဲ့ပြီးဖြစ်သည့် ယခုဥပဒေကို အစိုးရနှင့်ပါလီမန်တို့၏ ထောက်ခံမှုရရှိရန် ဆောင်ရွက်မည်ဟု သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၁၂

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Zar Chi Myo Myint” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် နှောကန်ကျေးရွာနေ ဇာခြည်မျိုးမြင့်အား မွန်းလွဲ ၁၂ နာရီခွဲတွင်လည်းကောင်း၊ “Naing Soe” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ကန်ဖျားရပ်ကွက်နေ နိုင်စိုး(ခ)ရာဂျေးအား ညနေ ၄ နာရီ မိနစ် ၄၀ တွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အင်းစိန်မြို့နယ်တွင် ငွေကျပ်သိန်း ၉၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၁၂

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်တွင် ငွေကျပ်သိန်း ၉၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ယနေ့နံနက် ၆ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက် ရန်ကုန်-ပြည်လမ်းတွင် စိုးလွင်(ခ)နူရွတ်နှင့် ချစ်ဝင်းကိုကို(ခ) နေဇာတို့ နှစ်ဦးအား ဒေသကာလတန်ဖိုးငွေကျပ် သိန်း ၉၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၉ သိန်းနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရောင်းဝယ်သူ မနန်းစင်လျှန်း အား တာမွေမြို့နယ် အိုးရှင်းစင်တာတွင် ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။



(၇၈) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၉ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးတင်ဇော်ထွန်း၊ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်ဆန်းဝင်း ဦးစီး(ပ)၊ ဦးရေးထောက် ဒုတယရဲမှူးကြီး ထွန်းရွှေတို့ဦးစီး၍ တိုင်းရဲတပ်ဖွဲ့မှူးရုံး ရဲအကူ၊ ပုသိမ်ခရိုင်ရဲတပ်ဖွဲ့နှင့် လက်ရုံးတပ်ဖွဲ့ဝင်များပါဝင်သော တပ်ဖွဲ့ဝင် စာရေးဝန်ထမ်းအင်အား ၂၄၀ က ပုသိမ်မြို့ အမှတ် (၄) ရပ်ကွက် မင်းကြီးလမ်း ပုသိမ်ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း၌ ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ခြင်းများ စုပေါင်းဆောင်ရွက်ကြစဉ်။

ပုသိမ်-လှကြည်

# “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် စက်တင်ဘာ ၁၂

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်း ခံစားချက်စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“အကြမ်းဖက်သမားများ၏ Internet ပေါ်က စာမျက်နှာများ”** ခေါင်းစဉ်ဖြင့် စက်တင်ဘာ ၁၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“အကြမ်းဖက် အားပေးများအား ထိရောက်စွာ ဖော်ထုတ်အရေးယူနိုင်မှုနှင့်ပတ်သက်၍ ဆွေးနွေးခြင်း”** ခေါင်းစဉ်ဖြင့် ဆွေးနွေး တင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် (ကြာသပတေးနေ့) နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၃-၉-၂၀၂၃ ဗုဒ္ဓဟူးနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တာသုတ်၊ရတနသုတ် တော့ချဲ့သုတ်၊အဋ္ဌာနာဋိယသုတ်ပရိတ် တရားတော် |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၁၅ | လူကုန်ကူးမှုတားဆီးကာကွယ်ရေးအတွက် အသိပညာပေးဗီဒီယိုမှတ်တမ်း (အရှေ့အလယ်ပိုင်းကအမှောင်ထု) |
| ၀၈:၄၀ | ရေခဲတောင်ကြီးများရှိရာသီ |
| ၀၉:၁၅ | စိုက်ပျိုးမွေးမြူသုတဘဏ် |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၁:၁၅ | ကမ္ဘာတစ်လွှားအနုပညာသတင်းများအစီအစဉ် |
| ၁၁:၃၀ | ရှုပွယ်စုံလင်အာဆီယံအစီအစဉ် |
| ၁၃:၀၀ | သီချင်းကြီးပဒေသာ |
| ၁၃:၃၀ | MRTV National News |
| ၁၄:၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ ‘လေနှင်ရာခရီး’ (အပိုင်း-၁၄) |
| ၁၄:၄၀ | မျိုးဂုဏ်တင့်စေဆိုကရေးတီးအငွေ့ |
| ၁၄:၅၀ | နိုင်ငံခြားဇာတ်လမ်းတွဲ ‘ချစ်ပန်းရနံ့လွင့်ပျံ့အမှုန်း’ (အပိုင်း-၁၇) |
| ၁၅:၃၀ | Weekly Soccer Preview |
| ၁၆:၁၅ | လူကုန်ကူးမှုဆိုင်ရာ အသိပညာမြှင့်မားရေး စကားဝိုင်းဆွေးနွေးပွဲ (ဒုတိယပိုင်း) |
| ၁၇:၂၀ | ရွှေသို့ချီမည် ပန်းတိုင်ဆီ ‘စီးပွားရေးရာ ကော်မတီအစည်းအဝေးမိန့်ခွန်း’ (အပိုင်း-၂) |
| ၁၇:၄၀ | ကောသလအကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ဂုဏ်ပြုအစီအစဉ် (၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၁၃)ရက်) |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၁၅ | ဟာသမြို့တော် (ရယ်စရာစင်တင်ဟာသ တစ်ခန်းရပ်) ‘ကောင်းလိုက်တဲ့အိုက်တင်’ |
| ၁၉:၁၅ | ရုပ်မြင်သံကြားဇာတ်လမ်း ‘လူပျိုကြီးမဟုတ်တဲ့လူပိုကြီး’ |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | နိပါတ်တော်လာ ဇာတ်သဘင်မဟာ ‘သောတ္ထိသေနသမ္ဘူလ’ |
| ၂၂:၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ ‘လေနှင်ရာခရီး’ (အပိုင်း-၁၆) |

### mitv

| | |
|---|---|
| 07:01 | Evergreen Classic: An Da Yel Kin (Htar) |
| 07:11 | Listening Pleasure, Instrumental Music (Mandolin) Special Show |
| 07:24 | Discovering Tribes: Bwe |
| 07:52 | New Destination for Sea Lovers |
| 08:01 | News |
| 08:27 | Irrawaddy Dolphin (Part-1) |
| 08:42 | Nga Laik Sakhanthar Elephant Camp |
| 09:01 | Myanmar Bamboo Xylophone (or) Pattala |
| 09:06 | Myanmar Masterclass: Artist Zay Yar Aye |
| 09:20 | San Lin Tun (Winner) Lose2Win with Andy Season 2 |
| 09:36 | Tastes of Home Land: Salt and Pepper Prawns |
| 09:49 | Licuala Palm Leaf |
| 10:01 | News |

### MRTV NRC

**မွန် (၀၆:၀၀ မှ ၀၈:၀၀)**
မွန်တို့အလှ မွန်တို့ရိုးရာဝတ်စုံ

**ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)**
မြန်မာ့မြေမှစိုက်ပျိုးစီးပွားလှူမှုဘဝများ (ရခိုင်သင်္ဘောနှင့်ဓနိပင်အကြောင်း)

**ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)**
ဆံပင်ကျွတ်ခြင်းကိုကာကွယ်ကုသနည်း

**ဝ (၁၂:၀၀ မှ ၁၄:၀၀)**
‘ဝ’ဘာသာစကားပြောကြရအောင် (အပိုင်း-၁)

**ကချင် (၁၄:၀၀ မှ ၁၆:၀၀)**
အင်းတော်ကြီးရဲ့လှပတဲ့သဘာဝပတ်ဝန်းကျင်

**ကယား (၁၆:၀၀ မှ ၁၈:၀၀)**
မျှော်လင့်ခြင်းတားစည်

**ပိုးကရင် (၁၈:၀၀ မှ ၁၉:၀၀)**
လယ်သူညားပဂ္ဂဇင်း

**အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)**
ကရင်စာပေသင်ကြားရအောင် (အပိုင်း-၁)

**အရှေ့ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)**
ရေးဟောင်းသမိုင်းဝင် ဆဒ္ဒန်ဂူနှင့် ဆဒ္ဒန်အိုင်

**ချင်း(လိုင်ဇိုး) (၂၁:၀၀ မှ ၂၂:၀၀)**
မိုင်ပေါ်လ်ဝက်သားမီးဖုတ်

**ချင်း(ချိုး) (၂၂:၀၀ မှ ၂၃:၀၀)**
လည်ပတ်ချင်စရာ ချစ်ကျေးရွာ

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၉:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၀၉:၄၅ | SPORTS MAX |
| ၁၁:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၁၂:၄၅ | ကမ္ဘာတစ်လွှားအနုပညာသတင်းများ |
| ၁၄:၀၀ | MRTV National News |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ(LIVE) |
| ၁၉:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၂၀:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၂၁:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၂၁:၄၅ | လူကုန်ကူးမှုဆိုင်ရာအသိပညာမြှင့်မားရေး စကားဝိုင်းဆွေးနွေးပွဲ (ဒုတိယပိုင်း) |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၃၀ | ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို ‘အာဟာရ’ |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ |
| ၁၀:၃၀ | ပြည်သူအားလုံးနှင့်သက်ဆိုင်သည့် အနာဂတ်ဒီမိုကရေစီ (အပိုင်း-၂) |
| ၁၁:၀၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ) |
| ၁၁:၃၀ | ရွှေသို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၄) |
| ၁၈:၀၀ | Economic Review (အပိုင်း-၁၉) (မြန်မာ့ရွှေပြည်ပတင်ပို့မှုအလားအလာ) |

### MRTV FARMERS' / HTV Channel

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း |
| ၀၆:၃၀ | ကျန်းမာခြင်းဆုလာဘ်ကိုပိုင်ဆိုင်ဖို့အာဟာရပြည့်ဝတဲ့နှစ်ရှည်သီးနှံတွေစိုက်ပျိုးထုတ်လုပ်စားသုံးစို့ |
| ၀၇:၀၀ | တောင်သူလယ်သမားရေးရာသတင်း |
| ၁၈:၀၀ | Working the land for our climate- Healthy soil, healthy world \| DW Documentary |
| ၁၈:၃၀ | ကျွန်မဝင်ပွန်း၏လျှို့ဝှက်ချက် (အပိုင်း-၁၁) |
| ၁၉:၀၀ | Gardeners' World 2023 Eps 1 |
| ၂၂:၀၀ | သားပိုက်ကောင် (ဇာတ်လမ်း) |

### MRTV SPORTS / HTV Sports

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၂၀ | လူငယ်တို့အတွက် လမ်းပြကြယ် |
| ၀၇:၄၀ | SPORTS Max |
| ၁၆:၃၀ | MNL 2022 Match (Replay) |
| ၁၈:၀၀ | အားကစားသတင်း |
| ၁၉:၄၀ | Weekly Soccer Preview |

MRTV Application
Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။
https://mrtv.gov.mm

ကြေးမုံ
စက်တင်ဘာ ၁၃၊ ၂၀၂၃

# လူငယ်ထု ပြုစုပျိုးထောင်ရေးလုပ်ငန်းစဉ်များ ရှင်သန်အနှစ်သာရရှိကြစေချင်

မောင်ငြိမ်းသူ (ကြို့ပင်ကောက်)

ပြဋ္ဌာန်းထားသော ကျောင်းသင်ခန်းစာများကိုသာ လေ့ကျင့်ကျက်မှတ်နေကြရသော ကျောင်းသား ကျောင်းသူလူငယ်များအနေဖြင့် အတန်းပညာရှိမှသာ **"အတတ်ပညာများ"**ကို သင်ယူတတ်မြောက်နိုင်မည်ဖြစ်သောကြောင့် ကျောင်းစာများကိုသာ အလေးထား သင်ကြားနေကြရသည်ဖြစ်ရာ **"အသိပညာ"** များစွာကို ပြင်ပအသိပညာရှင်များနှင့် အတတ်ပညာရှင်များထံမှသာ လေ့လာရရှိနိုင်ကြပါသည်။ စာပေမျိုးစုံကို ဖတ်ရှုလေ့လာခြင်းဖြင့်လည်းကောင်း၊ စာပေစကားဝိုင်းများ၊ စာပေဆွေးနွေးပွဲများ၊ ပညာပေးဟောပြောပွဲများ ကျင်းပကြခြင်းဖြင့်လည်းကောင်း၊ အသိပညာများတိုးပွားကာ ကိုယ်ကျင့်တရားနှင့် ကိုယ်ရည်ကိုယ်သွေးလည်း မြင့်မားဖွံ့ဖြိုးလာကြပေမည်။

**ပြည်သူ့ကျင့်ဝတ်များနှင့်အညီ လိုက်နာကျင့်ကြံ**

ကိုယ်ရည်ကိုယ်သွေးဟူသည်မှာ ကာယဗလ၊ ဉာဏဗလ၊ မိတ္တဗလ၊ စာရိတ္တဗလ၊ ဘောဂဗလဟူသော ဗလငါးတန်နှင့် ပြည့်စုံကြစေရန်နှင့် ပြည်သူ့ကျင့်ဝတ်များနှင့်အညီ လိုက်နာကျင့်ကြံနေထိုင်ကြစေရေးပင်ဖြစ်သည်။ **"အမျိုးသား စည်းကမ်းအစ စာသင်ကျောင်းက"** ဟူသော ဆောင်ပုဒ်နှင့်အညီ ကျောင်းသား ကျောင်းသူ လူငယ်များကို စာသင်ကျောင်းများမှာပင် **"ဆရာကောင်းတပည့် ပန်းကောင်းပန်"** ကြစေရန် အခြေခံမှစ၍ ပျိုးထောင်ပေးနေခြင်းဖြစ်ပါသည်။ အကျင့်စာရိတ္တကောင်းမွန်ပြီး အသိဉာဏ်ဖွံ့ဖြိုးတိုးတက်သော မျိုးဆက်သစ်လူငယ်များ တိုးပွားလာကြစေရေးအတွက် စီမံချက်များချမှတ်ကာ ကြိုးစားလှုပ်ရှားနေကြခြင်းဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၃တွင် **"နိုင်ငံတော်သည် လူငယ်များကို မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်ရေးနှင့် ဗလငါးတန် တိုးတက်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရန်"**ဟူသော နိုင်ငံတော်အခြေခံမူကို ပြဋ္ဌာန်းထားရာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကလည်း ဦးတည်ချက်(၉)ရပ် ချမှတ်ထားသည်။ ၎င်းတို့အနက် လူမှုရေးဦးတည်ချက်ထဲတွင် **"နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး၊ ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး"**ဟူသော ဦးတည်ချက်ကို ချမှတ်ပြီး လက်တွေ့ ကာယကံမြောက် ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။



ဩဂုတ် ၃၁ ရက်က နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အထက (၆) ၌ ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်အသိပညာပေးဟောပြောပွဲကျင်းပရာ ဆရာမကြီး ဒေါ်မေကျော့ရှင်းက အသိပညာနှင့် ကိုယ်ကျင့်တရားခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောစဉ်။

ထိုသို့ အကောင်အထည်ဖော်လျက်ရှိရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ၊ မြန်မာနိုင်ငံလူငယ်ရေးရာလုပ်ငန်းကော်မတီနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်လူငယ်ရေးရာကော်မတီများကိုဖွဲ့စည်းတာဝန်ပေးအပ်ထားခဲ့ပြီး လူငယ်ရေးရာမူဝါဒကို ၂၀၁၇ ခုနှစ်တွင် ရေးဆွဲပြဋ္ဌာန်းခဲ့ပါသည်။

အဆိုပါလူငယ်ရေးရာမူဝါဒနှင့်အညီ လက်တွေ့ဆောင်ရွက်သွားနိုင်ရေးအတွက် အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် (၂၀၂၀-၂၀၂၄) ကိုလည်း ရေးဆွဲပြဋ္ဌာန်းခဲ့ပြီး လူငယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဓိကကဏ္ဍ (၁၆) ရပ်ကို ချမှတ်ခဲ့ပါသည်။

၎င်း (၁၆) ရပ်မှာ (၁) ပညာရေးကဏ္ဍ၊ (၂) ကျန်းမာရေးဏ္ဍ၊ (၃) မူးယစ်ဆေးဝါးနှင့် အခြားဘေးဖြစ်စေတတ်သည့် အန္တရာယ်ကဏ္ဍ၊ (၄) အားကစားနှင့် အပန်းဖြေခြင်းကဏ္ဍ၊ (၅)အလုပ်အကိုင် အခွင့်အလမ်းကဏ္ဍ၊ (၆) စီးပွားရေးကဏ္ဍ၊ (၇) နိုင်ငံရေးကဏ္ဍ၊ (၈) စာပေအနုပညာနှင့် ယဉ်ကျေးမှုကဏ္ဍ၊ (၉) သုတေသနကဏ္ဍ၊ (၁၀) သိပ္ပံနှင့် နည်းပညာကဏ္ဍ၊ (၁၁) ပြည်သူ့နီတိနှင့် နိုင်ငံ့သားကောင်းဖြစ်မှုကဏ္ဍ၊ (၁၂) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကဏ္ဍ၊ (၁၃) ငြိမ်းချမ်းရေးနှင့် ဘဝလုံခြုံရေးကဏ္ဍ၊ (၁၄)ကျား/မ ညီမျှမှုကဏ္ဍ၊ (၁၅) လူ့အခွင့်အရေးကဏ္ဍနှင့် (၁၆) နိုင်ငံတကာဆက်ဆံရေးကဏ္ဍတို့ ဖြစ်ကြပါသည်။

> **ယနေ့လူငယ်များသည် ပွဲကြည့်ပရိသတ်များဖြစ်ကြပါသည်။ နောင်အနာဂတ်တွင် ကိုယ့်ဇာတ်ညွှန်း ကိုယ်တိုင်ရေး၍ ကိုယ့်ဇာတ်လမ်းတွင် ကိုယ်တိုင်ပါဝင်ကပြကြရသော အဓိကဇာတ်ကောင်များဖြစ်လာကြပေမည်။ ထို့ကြောင့် ယနေ့လူ့ဘဝဇာတ်ခုံပေါ်မှ လူကြီးများ၏ ဇာတ်ညွှန်း၊ ဇာတ်လမ်းများ၊ ဇာတ်ကွက်များ၊ ကပြအသုံးတော်ခံလှုပ်ရှားမှုများကို ပွဲကြည့်ပရိသတ်လူငယ်များက အားကျအတုယူလေ့လာမှတ်သားနေကြပါသည်။ ထိုသို့ နည်းယူနိုင်မှုသည် အကောင်းနှင့် အဆိုး၊ အကျိုးနှင့် အပြစ်၊ ဖြစ်နိုင်သည် မဖြစ်နိုင်သည်မှာ ယနေ့လူကြီးများ၏ စွမ်းဆောင်ကြိုးပမ်းပျိုးထောင်မှုအပေါ်တွင်သာ မူတည်နေပါသည်။ သို့ဖြစ်ရာ ယနေ့လူကြီးများက ရှေ့ဆောင်လမ်းပြမှု ပြုစုပျိုးထောင်မှု မှန်ကန်မှသာလျှင် နိုင်ငံတော်၏အနာဂတ်အရောင်သည် ထွန်းပြောင်လာမည်**

**လူငယ်အသိပညာပေးဟောပြောပွဲများ ကျင်းပ**

လူငယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ (၁၆) ရပ်ကို ကြည့်ပါက နိုင်ငံ၏အနာဂတ်အတွက် ရည်မှန်းလျက် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကိုပါ အလေးအနက်ထားကာ ချမှတ်ထားသည်မှာ သိသာထင်ရှားနေပါသည်။ ထို့ကြောင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ပူးပေါင်းပြီး လူငယ်များ အသိအမြင်ဗဟုသုတ ကြွယ်ဝစေရေး၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ရေး၊ ရိုးရာယဉ်ကျေးမှုထုံးဓလေ့များကို ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် ရှောင်ဖယ်ကင်းဝေးစေရေးအတွက် လူငယ်အသိပညာပေးဟောပြောပွဲများကို တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များတွင် ကျင်းပခဲ့ရာ ၂၀၂၂ ခုနှစ် မတ်လမှ ၂၀၂၃ ခုနှစ် ဇူလိုင်လအထိ ဟောပြောပွဲပေါင်း ၂၂၁၉ ပွဲ ကျင်းပနိုင်ခဲ့ပြီး ကျောင်းသား ကျောင်းသူလူငယ်ပေါင်း ၄၁၉၃၇၁ ဦးကို အသိပညာမျှဝေပေးနိုင်ခဲ့ကြောင်း၊ လူငယ်စကားဝိုင်းများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၃ ခုနှစ် ဇူလိုင်လအထိ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ခရိုင်မြို့နယ်များတွင် လူငယ်စကားဝိုင်း အကြိမ် ၁၁၀ ကျင်းပပြုလုပ်နိုင်ခဲ့ပြီး ကျောင်းသား ကျောင်းသူပေါင်း ၂၁၃၃၀ ပါဝင်တက်ရောက်ခဲ့ကြကြောင်း၊ မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီက ဦးစီး၍ **"သွေးချင်းညီနောင်၊ ကောင်းကျိုးဆောင်၊ ပြည်သစ်အောင်ဖို့ ဆွေးနွေးစို့"**ဟူသောဆောင်ပုဒ်ဖြင့် တက္ကသိုလ်၊ ဒီဂရီကောလိပ် ကျောင်းသား ကျောင်းသူများ၏ ငြိမ်းချမ်းရေးဆိုင်ရာစကားဝိုင်းကို ၂၈. ၁. ၂၀၂၃ ရက်နေ့တွင် မန္တလာသီရိအားကစားကွင်း၌ ကျင်းပခဲ့ရာ တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံကျောင်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၅၀၀၀ ပါဝင်တက်ရောက်ခဲ့ကြောင်း နေ့စဉ်ထုတ်သတင်းစာများတွင် သတင်းဓာတ်ပုံများနှင့် ဖော်ပြခဲ့ကြသဖြင့် နိုင်ငံတော်၏အနာဂတ်အရေးကို မြော်တွေး၍ ကြည်နူးချမ်းမြေ့ကြရပါသည်။

ပညာရေးဝန်ကြီးဌာနကလည်း ပညာရေးကို အလေးပေးဆောင်ရွက်နေသလို လူချွန်လူမွန်လူငယ်များအတွက် ရပ်နားထားခဲ့သော လူရည်ချွန်စီမံကိန်းကို ပြန်လည်ဖော်ဆောင်ခဲ့သည့်အပြင် ထူးချွန်ကျောင်းသား ကျောင်းသူ လူငယ်များကိုလည်းပြည်ပနိုင်ငံများသို့လေ့လာရေးခရီးစီစဉ်ပေးခဲ့ပါသည်။ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနကလည်း **"လူငယ်အင်အား၊ စွမ်းပကားဖြင့် နိုင်ငံ့ဂုဏ်ရောင် အလင်းဆောင်အံ့"**ဟူသော ဆောင်ပုဒ်နှင့်အညီ နွေရာသီအားကစားသင်တန်းများ ဖွင့်လှစ်ပျိုးထောင်ပေးခဲ့ပြီး နိုင်ငံတကာအားကစားပြိုင်ပွဲများသို့ စေလွှတ်ယှဉ်ပြိုင်စေခဲ့ပါသည်။ လူငယ်ရေးရာဦးစီးဌာနကလည်း ပြည်တွင်း၊ ပြည်ပ လူငယ်လေ့လာရေးခရီးများ စီစဉ်ပေးခဲ့ပါသည်။ အာဆီယံလူငယ်ဆိုင်ရာ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ၂၀၂၂ ခုနှစ် မတ်လမှ ၂၀၂၃ ခုနှစ် ဇွန်လအတွင်း အစည်းအဝေး ခြောက်ကြိမ်၊ သင်တန်းတစ်ကြိမ်၊ ပြိုင်ပွဲ ၁၀ ကြိမ်၊ ဆွေးနွေးပွဲ ၁၉ ကြိမ်တို့တွင် မြန်မာလူငယ်ကိုယ်စားလှယ်ပေါင်း ၈၇ ဦး ပါဝင်တက်ရောက်နိုင်ခဲ့ကြပါသည်။

**ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်း**

မြန်မာနိုင်ငံအနေဖြင့် မြန်မာလူငယ်ထုအရေးအတွက် ကမ္ဘာ့လူငယ်ထုအရေးနှင့် တွေးခေါ်နှိုင်းယှဉ်မြော်မြင်ပြီး ဆင်ခြင်သုံးသပ်ကာ အလားအလာကောင်းများ ဖြစ်ပေါ်တိုးတက်စေရန် အစဉ်ကြိုးပမ်းလျက်ရှိနေပါသည်။ ကမ္ဘာ့လူငယ်ဦးရေ၏ ၆၀ ရာခိုင်နှုန်းကျော်မှာ အာရှ-ပစိဖိတ်ဒေသမှဖြစ်ပြီး ဒေသတွင်း စုစုပေါင်းလူဦးရေ၏ ၁၉ ရာခိုင်နှုန်းကျော်ရှိကြောင်း၊ အာဆီယံဒေသတွင်း၌လည်း လူဦးရေစုစုပေါင်း၏ ၃၄ ရာခိုင်နှုန်းနီးပါးသည် အသက် (၁၅) နှစ်မှ (၃၅) နှစ်အတွင်းရှိ လူငယ်များဖြစ်ကြကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း အစီရင်ခံစာအရ ၁၆ ဒသမ ၈၉ သန်းမှာ အသက် (၁၅) နှစ်မှ (၃၄) နှစ်အထိ လူငယ်များဖြစ်ကြပြီး နိုင်ငံစုစုပေါင်းလူဦးရေ၏ ၃၃ ရာခိုင်နှုန်းကျော်ရှိကြောင်း၊ သို့ဖြစ်၍ ဒေသအတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကဏ္ဍများတွင် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဖော်ဆောင်သွားရန် ရည်သန်လှုပ်ရှားလျက်ရှိသည်။

၁၉၉၈ ခုနှစ်က ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့၌ ကုလသမဂ္ဂနှင့်ပူးပေါင်း၍ ကျင်းပခဲ့သည့် ပထမအကြိမ် လူငယ်ဆိုင်ရာဝန်ကြီးများ၏ ကမ္ဘာ့ညီလာခံတွင် ဩဂုတ်လ ၁၂ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အဖြစ် သတ်မှတ်ဆောင်ရွက်ရန် အကြံပြုချက်အရ ၁၉၉၉ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေညီလာခံကြီးက ဆုံးဖြတ်ချက်အမှတ် (၅၄/၁၂၀)ဖြင့် ဩဂုတ်လ ၁၂ ရက်နေ့ကို **"အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့"** အဖြစ် သတ်မှတ်ခဲ့ပါသည်။ ထို့ကြောင့် ကုလသမဂ္ဂက ကြီးမှူး၍ ၂၀၀၀ ပြည့်နှစ် ဩဂုတ်လ ၁၂ ရက်နေ့တွင် **"အပြည်ပြည်ဆိုင်ရာလူငယ်များနေ့"**ကို စတင်ကျင်းပခဲ့ရာ ယခုဆိုလျှင် (၂၃) နှစ်ခရီးကို ကျော်လွန်ခဲ့လေပြီ။

မြန်မာနိုင်ငံအနေဖြင့်လည်း ကမ္ဘာ့နိုင်ငံများနှင့် တန်းတူပင် ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁၂ ရက်နေ့မှစ၍ **"အပြည်ပြည်ဆိုင်ရာလူငယ်များနေ့"** အခမ်းအနားများကို နှစ်စဉ်မပျက် ကျင်းပခဲ့ပါသည်။ ၂၀၂၃ ခုနှစ် **"အပြည်ပြည်ဆိုင်ရာလူငယ်များနေ့"**အတွက် ကုလသမဂ္ဂအဖွဲ့ကြီးက ချမှတ်ထားသောဆောင်ပုဒ်မှာ **"ကမ္ဘာမြေ အရှည်တည်တံ့စေဖို့၊ လူငယ်များရဲ့ အစိမ်းရောင်ကျွမ်းကျင်မှုစွမ်းရည်ဖြင့် ဖော်ဆောင်စို့"** (Green Skills for Youth: Towards a Sustainable World) ဟူ၍ဖြစ်သည်။

လူငယ်ရေးရာဗဟိုကော်မတီက အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ်အခမ်းအနားကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သကဲ့သို့

စာမျက်နှာ ၁၇ သို့ *

✱ စာမျက်နှာ ၁၆ မှ

ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ လူငယ်ရေးရာကော်မတီဝင်များ၊ လူငယ်အဖွဲ့အစည်းများနှင့် ဆက်စပ်ဌာနဆိုင်ရာများကလည်း အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ်လှုပ်ရှားမှုများအဖြစ် ပြေးခုန်ပစ်ပြိုင်ပွဲများ၊ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲများ၊ ကျပန်းစကားပြောပြိုင်ပွဲများ၊ စာပေစကားဝိုင်းများနှင့် လူငယ်စကားဝိုင်းများကို ကျင်းပခဲ့ကြပါသည်။

**“ယနေ့လူငယ်၊ နောင်ဝယ်လူကြီး”** ဟူသော စကားနှင့်အညီ ယနေ့လူငယ်မျိုးဆက်သစ်များသည် နောင်အနာဂတ်ကာလတွင် လူကြီးများအဖြစ် နိုင်ငံနှင့် လူမျိုး၏တာဝန်ကို ပခုံးပြောင်းထမ်းဆောင်ကြရပေမည်။ ထို့ကြောင့် ယနေ့လူငယ်များကို ယနေ့လူကြီးများက အကျိုးပြုလုပ်ငန်းများနှင့် ပြုစုပျိုးထောင်ပေးနေခြင်းဖြစ်သည်။

**လူငယ်များကို စနစ်တကျဖွံ့စည်းပျိုးထောင်**

ကမ္ဘာ့နိုင်ငံအသီးသီးတွင် နိုင်ငံ၏အရန်အင်အားစု လူငယ်ထုကို မျက်ကွယ်ပြုရိုးထုံးစံမရှိပေ။ ဖွံ့ဖြိုးတိုးတက်လိုသောနိုင်ငံတိုင်းသည် လူငယ်များကို စနစ်တကျ ဖွံ့စည်းပျိုးထောင်ပေးခဲ့ကြသည်။ ပမာတင်ပြရလျှင် ဆိုဗီယက်နိုင်ငံမပြိုကွဲခင်က အသက်အပိုင်းအခြားအလိုက် **“ကွန်ဆိုမိုလူငယ်၊ ရှေ့ဆောင်လူငယ်၊ အောက်တိုဘာလူငယ်”** ဟူ၍ ဖွဲ့စည်းပျိုးထောင်ပေးခဲ့သည့်နှယ် ဘူဂေးရီးယားနိုင်ငံတွင် **“ကွန်ဆိုမိုလူငယ်”** အရှေ့ဂျာမနီနိုင်ငံတွင် **“ပိုင်အိုးနီးယားလူငယ်”**ဟူ၍ဖွဲ့စည်းပျိုးထောင်ပေးခဲ့ကြသည်။

အချို့နိုင်ငံများကလည်း နိုင်ငံရေးမပါသော ကင်းထောက်လူငယ်၊ ကြက်ခြေနီလူငယ်၊ မီးသတ်တပ်ဖွဲ့လူငယ်ဟူ၍ ပျိုးထောင်ဖွဲ့စည်းပေးခဲ့ကြသည်။ မြန်မာနိုင်ငံတွင်လည်း ခေတ်စနစ်အရ **“တေဇလူငယ်၊ ရှေ့ဆောင်လူငယ်၊ လမ်းစဉ်လူငယ်”** ဟူ၍ ပျိုးထောင်ဖွဲ့စည်းပေးခဲ့ပြီး လူငယ်နီးနှောဖလှယ်ပွဲများကို ကျင်းပပေးခဲ့ကြပါသည်။ မြန်မာ့စာပေလောကတွင်လည်း အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာပေဆုများတွင် ကလေးစာပေဆုများနှင့် လူငယ်စာပေဆုများကို နှစ်စဉ်ချီးမြှင့်ပေးခဲ့ကြပြီး လူငယ်ထုအရေးကို ထာဝစဉ်အလေးပေးဆောင်ရွက်ခဲ့ကြပါသည်။

ကျောင်းသား ကျောင်းသူများအပါအဝင် လူငယ်မှန်သမျှသည် အသက်အရွယ်အရ ပျိုမျစ်လန်းဆန်းသည်။ တက်ကြွနိုးကြားသည်။ အားမာန်ပြည့်ဝသည်။ ရဲဝံ့သည်။ ထက်မြက်သွက်လက်သည်။ အပင်ပန်းအနစ်နာခံနိုင်သည်။ ဆန်းသစ်တီထွင်လိုသည်။ ဦးဆောင်မှုကို လိုလားသည်။ အများ၏အားကိုးမှုကို ခံယူလိုသည်။ အရာရာကို စူးစမ်းလေ့လာလိုသည်။ စွန့်စားလိုသည်။ ပင်ကိုသဘာဝအားဖြင့် ရိုးသားဖြူစင်သန့်ရှင်းသည်။ အဟောင်းအညစ်၌ အမြစ်မတွယ်။ အတိတ်၌မစွဲလမ်း။ ပစ္စုပ္ပန်၌ မယစ်မူး။ အစဉ်သဖြင့် အနာဂတ်သို့ မျက်နှာမူသည်။ ရှေ့သို့သာဦးတည်သည်။

ထို့ကြောင့် လူကြီးများက အရောင်ကင်းမဲ့သည့် ရေနှင့်တူသော လူငယ်များကို လိုရာအရောင်ဆိုး၍ လိုရာခွက်တွင် ထည့်ထားပါက လိုရာပုံစံကိုရရှိနိုင်သည်။ ဖယောင်းကဲ့သို့ ပျော့ပျောင်း၍ လိုရာပုံကို သွန်းလောင်းနိုင်သည်။ အဟုန်ပြင်းသောရေတံခွန်နှင့်လည်းတူသည်။ စနစ်တကျထိန်းကျောင်းမှုရှိလျှင် လိုအပ်သလိုအသုံးပြုနိုင်သည်။ အထိန်းအကျောင်းမရှိလျှင် တိမ်းစောင်းတတ်သည်။ သုံးတတ်လျှင် ဆေးဖြစ်၍၊ မသုံးတတ်လျှင် ဘေးဖြစ်တတ်သည်။ လေလွင့်ပျက်စီးတတ်သည်။ အဖျက်အင်အားစုဖြစ်သွားတတ်သည်။ သို့ဖြစ်၍ အယူအဆရေးရာဦးဆောင်မှု၊ နိုင်ငံရေးလမ်းညွှန်မှု၊ သဘောတရားရေးရာပုံသွင်းမှုနှင့် စည်းရုံးထိန်းကျောင်း၊ ပြုစုပျိုးထောင်ကြရာတွင် လူကြီးများကိုယ်တိုင်က စံနမူနာယူစရာစံပြများ ဖြစ်နေကြရန်လည်း အထူးပင် ဂရုစိုက်ပြုမူကျင့်ကြံနေထိုင်ကြသင့်ပါသည်။

ယနေ့လူငယ်များသည် ပွဲကြည့်ပရိသတ်များဖြစ်ကြပါသည်။ နောင်အနာဂတ်တွင် ကိုယ့်ဇာတ်ညွှန်း ကိုယ်တိုင်ရေး၍ ကိုယ့်ဇာတ်လမ်းတွင် ကိုယ်တိုင်ပါဝင်ကပြကြရသော အဓိကဇာတ်ကောင်များဖြစ်လာကြပေမည်။ ထို့ကြောင့် ယနေ့လူ့ဘဝဇာတ်ခုံပေါ်မှ လူကြီးများ၏ ဇာတ်ညွှန်း၊ ဇာတ်လမ်းများ၊ ဇာတ်ကွက်များ၊ ကပြအသုံးတော်ခံလှုပ်ရှားမှုများကို ပွဲကြည့်ပရိသတ်လူငယ်များက အားကျအတုယူ လေ့လာမှတ်သားနေကြပါသည်။ ထိုသို့နည်းယူနိုင်မှုသည် အကောင်းနှင့်အဆိုး၊ အကျိုးနှင့်အပြစ်၊ ဖြစ်နိုင်သည် မဖြစ်နိုင်သည်မှာ ယနေ့လူကြီးများ၏ စွမ်းဆောင်ကြိုးပမ်း ပျိုးထောင်မှုအပေါ်တွင်သာ မူတည်နေပါသည်။ သို့ဖြစ်ရာ ယနေ့လူကြီးများက ရှေ့ဆောင်လမ်းပြမှု၊ ပြုစုပျိုးထောင်မှု မှန်ကန်မှသာလျှင် နိုင်ငံတော်၏အနာဂတ်အရောင်သည် ထွန်းပြောင်လာမည်ဖြစ်ပါသည်။

**အခါအားလျော်စွာကျင်းပ**

ထို့ကြောင့်လည်း လူငယ်များ၏ဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ဗလငါးတန်ပြည့်ဝရေး၊ ပြည်သူ့နီတိနှင့် ကျင့်ဝတ်၊ စံနှုန်းများကို လေးစားလိုက်နာသည့် နိုင်ငံ့သားကောင်းရတနာများအဖြစ် ပေါ်လာကြစေရေးအတွက် နိုင်ငံတော်အနှံ့အပြားရှိ အခြေခံပညာအထက်တန်းကျောင်းများနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနများ၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲများ၊ စာပေစကားဝိုင်းများ၊ ကျပန်းစကားပြောပြိုင်ပွဲများ၊ စာအုပ်မိတ်ဆက်ပွဲများ၊ စာတမ်းဖတ်ပွဲများကို အခါအားလျော်စွာ ကျင်းပနေကြခြင်းဖြစ်ပါသည်။

လွန်ခဲ့သော ခြောက်နှစ်ကျော်ကလည်း ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြန်မာနိုင်ငံစာရေးဆရာအသင်းနှင့် မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်းတို့ပူးပေါင်းပြီး စာဖတ်ရှိန်မြှင့်တင်ရေး၊ စာမဖတ်သူပပျောက်ရေး၊ စာတတ်သူတိုင်း စာဖတ်ရေးနှင့် စာပေရေချမ်းစင် လှုပ်ရှားမှုများအပါအဝင် ကျောင်းသား ကျောင်းသူလူငယ်များကို ဟောပြောလှုံ့ဆော်ပျိုးထောင်ပေးခဲ့ကြပါသည်။ ယခုနောက်ပိုင်းတွင်လည်း မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် မြန်မာနိုင်ငံ စာရေးဆရာအသင်းတို့ပူးတွဲပြီး ကျောင်းသား ကျောင်းသူလူငယ်များအား လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲများကို ကျင်းပပေးလျက်ရှိသည်။

ထိုသို့ ဘက်ပေါင်းစုံ ကျင်းပနေကြရာတွင် ကျောင်းသား ကျောင်းသူ လူငယ်များသာမက ပြင်ပလုပ်ငန်းခွင်များနှင့် ဌာနဆိုင်ရာများရှိ လူငယ်များကိုပါ ပြုစုပျိုးထောင်ပေးသင့်ပါသည်။ ခေတ်မီဆက်သွယ်ရေး ကိရိယာများကြောင့် တိုးတက်မှုများရှိသကဲ့သို့ ဆုတ်ယုတ်မှုအဖျက်အင်အားစုများလည်း ဖြစ်သွားကြသည်ကို လက်တွေ့မျက်မှောက်ကာလတွင် မြင်တွေ့နေကြရလေရာ အဆိုပါအားပြိုင်မှုကို ကောင်းမွန်အကျိုးပြုနိုင်စွမ်းရှိသော ပြုစုပျိုးထောင်မှုများက အသွင်သဏ္ဌာန်ရော အနှစ်သာရပါ ထိရောက်စွာကျင့်သုံးကြရန် အထူးပင်လိုအပ်လှပါသည်။ ခါတော်မီပေါ်ပင်ဟန်ရေးပြသဘောမျိုး အရည်အသွေးမပါသောအရေအတွက်များသာ ဖော်ရှိုးသဘောမျိုး လှုပ်ရှားဟန်များကိုကား တားဆီးကြပြီး ထိန်းကျောင်းတည့်မတ်ပေးသင့်ပါသည်။

သို့မှသာလျှင် နိုင်ငံတော်၏ ပစ္စုပ္ပန်ကာလမှာရော အနာဂတ်ကာလမှာပါ လူငယ်ထုကို ပြုစုပျိုးထောင်ကြရသည့်အကျိုးရလဒ်ကို ခံစားကြရမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

**ကိုးကား။**

- **(၁၀. ၈. ၂၀၂၃)ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ မောင်လူအေး (ရေစကြို) ၏ (လူငယ်အင်အား၊ စွမ်းပကားဖြင့်၊ နိုင်ငံ့ဂုဏ်ရောင်၊ အလင်းဆောင်အံ့)ဆောင်းပါး**
- **မောင်ငြိမ်းသူ (ကြို့ပင်ကောက်) ၏ အမျိုးသားစာပေဆုရ (မြအဖူးတွေ သစ်သစ်ဝေနှင့် လူငယ်ဝတ္ထုတိုများ)**
- **နေ့စဉ်ထုတ်သတင်းစာများထဲမှ ကောက်နုတ်ချက်များ**

✰ ကျောဖုံးမှ

ပေါ်တူဂီအသင်းအတွက် သွင်းဂိုးတွေကို ၁၂ မိနစ်နဲ့ ၄၅ မိနစ်တို့မှာ ဝွန်ကာလိုအီနာစီယိုက နှစ်ဂိုး၊ ၁၈ မိနစ်နဲ့ ၃၃ မိနစ်တို့မှာ ဝွန်ကာလိုရာမို့စ်ကနှစ်ဂိုး၊ ၅၇ မိနစ်နဲ့ ၇၇ မိနစ်တို့မှာ ဂျိုတာကနှစ်ဂိုး၊ ၆၇ မိနစ်မှာ ရီကာဒိုဟော်တာက တစ်ဂိုး၊ ၈၃ မိနစ်မှာ ဘရူနိုဖာနန်ဒက်စ်က တစ်ဂိုး၊ ၈၈ မိနစ်မှာ ဂျာအိုဖီလစ်က တစ်ဂိုး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ယူရို ၂၀၁၆ ပြိုင်ပွဲမှာ ချန်ပီယံဖြစ်ခဲ့တဲ့ ပေါ်တူဂီအသင်းဟာ ယခု ယူရို ၂၀၂၄ ခြေစစ်ပွဲစဉ်မှာ ခြောက်ပွဲကစားထားပြီး ခြောက်ပွဲစလုံး အနိုင်ရရှိထားတာဖြစ်ပါတယ်။ အဲဒီပွဲစဉ်ခြောက်ပွဲမှာ ပေါ်တူဂီအသင်းအနေနဲ့ သွင်းဂိုး ၂၄ ဂိုးအထိ သွင်းယူထားနိုင်ခဲ့ပြီ ပေးဂိုးတစ်ဂိုးမှ မရှိသေးတာဖြစ်ပါတယ်။

ပေါ်တူဂီအသင်းဟာ အောက်တိုဘာ ၁၃ ရက်မှာ ကစားမယ့် အုပ်စုအဆင့်ဒုတိယနေရာက ဆလိုဗက်ကီးယားအသင်းကို အိမ်ကွင်းမှာ အနိုင်ရရှိပြီး တတိယနေရာက လူဇင်ဘတ်အသင်းက အိုက်စလန်အသင်းကို ရှုံးနိမ့်ခဲ့မယ်ဆိုရင် လာမယ့်နှစ်မှာ ဂျာမနီနိုင်ငံ၌ ကျင်းပမယ့် ယူရို ၂၀၂၄ ပြိုင်ပွဲကို ကစားဖို့ သုံးပွဲအလိုမှာပဲ ဝင်ခွင့်ရရှိတော့မှာဖြစ်ပါတယ်။ **ငွေကြယ်**



## မိတ္ထီလာမြို့နယ်၌ (၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ

မိတ္ထီလာ စက်တင်ဘာ ၁၂

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ (၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက ပေါက်ချောင်းရပ်ကွက် မိတ္ထီလာမြို့နယ် အထွေထွေရောဂါကုဆေးရုံကြီးရှိ သွေးလှူဘဏ်တွင် လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ စုပေါင်းသွေးလှူဒါန်းပွဲကို မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်အရာရှိအမျိုးသား တစ်ဦး၊ အခြားအဆင့် အမျိုးသား ၁၂ဦးနှင့် အမျိုးသမီးနှစ်ဦးတို့က သွေးပေါင်ချိန်ခြင်း၊ သွေးစစ်ခြင်းများ ပြုလုပ်ခဲ့ပြီး သွေးလှူဘဏ်သို့ သွေးလှူဒါန်းခဲ့ကြသည်။

ထို့နောက် သွေးလှူဒါန်းသော တပ်ဖွဲ့ဝင်များအား မြို့နယ်ရဲတပ်ဖွဲ့မှူးက ကြက်ဥ၊ အချိုရည် စသည့်ဖြည့်စွက်အာဟာရတို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၃-၉-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၃၃၅ | ၂၃၈၀ | ၂၃၇၅ | ၂၃၄၀ | ၂၃၈၀ | ၂၄၀၅ | ၂၃၉၀ | ၂၃၆၅ | ၂၄၆၅ | ၂၄၈၀ | ၂၃၇၅ | ၂၃၈၀ | ၂၄၂၀ | ၂၄၂၀ | ၂၄၂၀ | ၂၆၅၀ | ၃၃၁၅ |
| 95 Ron | ၂၄၄၅ | ၂၄၉၅ | ၂၄၉၀ | ၂၄၅၀ | ၂၄၉၀ | ၂၅၁၅ | ၂၅၀၀ | ၂၄၇၅ | ၂၅၇၅ | ၂၅၉၀ | ၂၄၈၅ | ၂၅၀၀ | ၂၅၃၀ | ၂၅၃၀ | ၂၅၃၀ | ၂၇၆၀ | ၃၄၁၅ |
| HSD (500 ppm) | ၂၅၆၀ | ၂၆၀၅ | ၂၆၀၀ | ၂၅၆၅ | ၂၆၀၅ | ၂၆၃၀ | ၂၆၂၅ | ၂၅၉၀ | ၂၇၁၀ | ၂၇၀၅ | ၂၆၀၀ | ၂၆၀၅ | ၂၆၄၅ | ၂၆၄၅ | ၂၆၄၅ | ၂၈၇၅ | ၃၄၁၅ |
| HSD (50 ppm) | ၂၆၃၅ | ၂၆၈၅ | ၂၆၈၀ | ၂၆၄၅ | ၂၆၈၀ | ၂၇၀၅ | ၂၇၀၀ | ၂၆၇၀ | ၂၇၈၅ | ၂၇၈၀ | ၂၆၇၅ | ၂၆၈၅ | ၂၇၂၀ | ၂၇၂၀ | ၂၇၂၅ | ၂၉၅၀ | ၃၄၇၅ |
| HSD (10 ppm) | ၂၆၃၅ | ၂၆၈၅ | ၂၆၈၀ | ၂၆၄၅ | ၂၆၈၀ | ၂၇၀၅ | ၂၇၀၀ | ၂၆၇၀ | ၂၇၈၅ | ၂၇၈၀ | ၂၆၇၅ | ၂၆၈၅ | ၂၇၂၀ | ၂၇၂၀ | ၂၇၂၅ | ၂၉၅၀ | ၃၄၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၂၂၀ | ၂၂၉၈ |
| 95 Ron | ၂၃၂၇ | ၂၄၀၇ |
| HSD (500 ppm) | ၂၄၃၉ | ၂၅၁၇ |
| HSD (50 ppm) | ၂၅၁၂ | ၂၅၉၂ |
| HSD (10 ppm) | ၂၅၁၂ | ၂၅၉၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## အောင်မြင်ခြင်းရဲ့အုတ်မြစ်စာအုပ် ဖြန့်ချိ

နေပြည်တော် စက်တင်ဘာ ၁၂

စာရေးဆရာချစ်နိုင်(စိတ်ပညာ) ရေးသားသည့် အောင်မြင်ခြင်းရဲ့အုတ်မြစ်စာအုပ် ထွက်ရှိလာပြီဖြစ်သည်။

အဆိုပါစာအုပ်တွင် ပညာ၏အဓိပ္ပာယ်၊ ပညာရစေကြောင်း ရှေးဟောင်းစာပေကျမ်းဂန်များမှ ကောက်နုတ်တင်ပြထားသည့် "ပညာကိုမြတ်နိုးတတ်သော"၊ လူကောင်းလူချွန်ဖြစ်ရေး ရည်မှန်းချက်ချ၍ ကြိုးစားသင့်ကြောင်း သင်ပြထားသည့် "လမ်းမှန်သိမြင်"၊ သူတော်ကောင်းတရားက အကျိုးပေးပုံကို ဖတ်ချင်စဖွယ် တင်ပြထားသည့် "လိုအင်ပြည့်ဝ၊ လှပတဲ့ဘဝ"၊ လူတိုင်းမှာ မိမိမစီမံ မဖန်တီးနိုင်သော အခြေအနေများကို ဘဲဥအစရှာမရသလို တွေးတောဝေးမောအချိန်မကုန်ဆုံးစေဘဲ မိမိအမှန်လုပ်ဆောင်နိုင်သမျှ အစွမ်းကုန်ကြိုးစားမှသာ မိမိကိုယ်ကို တန်ဖိုးမြင့်မားအောင် မြှင့်တင်နိုင်ကြောင်းကို ရေးသားထားသည့် "သင့်ရဲ့ရွေးချယ်ပိုင်ခွင့်"၊ လူတိုင်းအခြေခံသဘောသိကြရမည့် ကုသိုလ်နှင့်အကုသိုလ်တရား၊ သုစရိုက်နှင့် ဒုစရိုက်ကို ခွဲခြားနားလည်အောင် ဆွေးနွေးဖော်ပြထားသည့် "ကံအကြောင်း"၊ လမ်းလျှောက်ခြင်း၏ ကောင်းကျိုးတရားများကို ရေးသားထားသည့် "လမ်းလျှောက်ပါလေ အသက်ရှည်"စသည့် ဘဝအောင်မြင်ရေးစာဆို ၁၅ ခုဖြင့် ဖော်ပြထားသည်။

ဤစာအုပ်သည် ရှေ့ဆက်ရမည့်ဘဝခရီးအတွက် ခွန်အားဖြစ်စေနိုင်မည့် အသိသစ်၊ အမြင်သစ်များကို ခေတ်နှင့်အညီ ထိရောက်စွာရေးသားမျှဝေထောက်ကူပေးမည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။ ထို့ပြင်




စွမ်းဆောင်နိုင်သူများ၊ တာဝန်သိသူ၊ တာဝန်ယူရဲသူများဖြစ်အောင် အားဖြည့်သော စိတ်ခွန်အားဖြစ်စေမည့် စာအုပ်မျိုးဖြစ်သည်။

ယင်းစာအုပ်ကို နိုင်စာပေ အမှတ်(၁၅၀) ရတနာလမ်း ရတနာအိမ်ရာ သာကေတမြို့နယ် ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့် ဖြန့်ချိထားကြောင်း သိရသည်။

သတင်းစဉ်

## သဟာယဆရာတင် စာအုပ်ဖြန့်ချိရောင်းချ

နေပြည်တော် စက်တင်ဘာ ၁၂

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဆရာနန်းညွန့်ဆွေ၏ "သဟာယ ဆရာတင်" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ဂီတမျိုးရိုးမှ ဆင်းသက်လာသူ မဟုတ်သော်လည်း "အောင်ခြင်းရှစ်ပါး၊ စန္ဒကိန္နရီ၊ ရွှေပြောင်ပြောင်၊ ဂုဏ်မြင့်သူ၊ ဗမာ့သူရဲကောင်း၊ ချစ်ရေစင်" စသည့် တန်ဖိုးမဖြတ်နိုင်သော မြန်မာဂန္ထဝင်သီချင်းများကို ထူးချွန်ပြောင်မြောက်စွာ ရေးဖွဲ့ခဲ့သူ နာမည်ကျော်ဂီတစာဆို သဟာယဆရာတင်၏ ဘဝဇာတ်ကြောင်းအဖုံဖုံ၊ မြန်မာနိုင်ငံတွင် ရှေးဦးစွာ ဓာတ်လုံးခေတ်စ၍ပေါ်လာပုံ၊ ထို့နောက် ဓာတ်ပြားခေတ်ပေါ်လာကာ ခွေးတံဆိပ်ဓာတ်ပြားကုမ္ပဏီမှသည် ဗြိတိသျှဘားမားဓာတ်ပြားကုမ္ပဏီအထိ တိုးတက်များပြားလာပုံ၊ ဆရာတင်နှင့် ဂီတလောက၊ အေဝမ်းရှပ်ရှင်ကုမ္ပဏီကိုမှီ၍ နာမည်ကျော်ကြားလာပုံ စသည့် အကြောင်းအရာများ ပါရှိသည်။ နိုင်ငံတစ်နိုင်ငံ၏ နှလုံးသည်းပွတ်မှာ ယဉ်ကျေးမှုပင်ဖြစ်သည်။ နိုင်ငံ၏ ယဉ်ကျေးမှုနှင့် ဂုဏ်ကျက်သရေကိုဆောင်ရာတွင် ဂီတသည် အရေးအပါဆုံးသော အနုပညာတစ်ရပ်ဖြစ်ပေသည်။ တေးဂီတမျိုးစုံရှိသည့်အထဲမှ မြန်မာတေးဂီတကို ယနေ့မျိုးဆက်သစ်လူငယ်များ လေ့လာဖတ်ရှုစေလိုရေး စေတနာ၊ ရည်ရွယ်ချက်ကောင်းများဖြင့် ဆရာနန်းညွန့်ဆွေက ပြည့်စုံစွာ ရေးသားပြုစုထားသောကြောင့် လက်မလွှတ်တမ်း ဖတ်ရှုသင့်သည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ငွေကျပ် ၁၅၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်




စာအုပ်ဆိုင် ဖုန်း-၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈၊ အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း - ၀၆၇-၃၄၁၄၆၈၁၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း - ၀၂-၄၀၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန ဖုန်း - ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

သတင်းစဉ်

## နယ်စပ်ရေးရာဝန်ကြီးဌာနက ကယားပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ကုလားပဲများ ဆက်ကပ်လှူဒါန်း

နေပြည်တော် စက်တင်ဘာ ၁၂

နယ်စပ်ရေးရာ ဝန်ကြီးဌာနသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ် ဘောလခဲခရိုင် ရေနီပေါက်ကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဘောလခဲခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးသက်နောင်ဦးနှင့် ဝန်ထမ်းများ သွားရောက်၍ ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ကုလားပဲတို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိုးညိုမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးဝင်းနှင့် မြို့မရဲစခန်းမှူး ဒုတိယရဲမှူးကိုကိုကြီးတို့ ဦးစီးသော ရဲတပ်ဖွဲ့ဝင် ၃၅ ဦးတို့က စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့ သခင်လှရှိန်ရပ်ကွက်ရှိ မဟာသုမင်္ဂလသီဟ ကြေးသွန်းဘုရားကြီးဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ ကိုမင်း(ပြန်/ဆက်)

(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မရမ်းကုန်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်မောင်ကျော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းခိုင်၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူးတင်ဌေးဦးစီး၍ မြို့နယ်ရဲတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းတွင် မရမ်းကုန်းမြို့နယ် အမှတ်(၅) ရပ်ကွက်ရှိ စွယ်တော်မြတ်စေတီတော် ဘုရားပရိဝုဏ်အတွင်း၌ သန့်ရှင်းသာယာရေး စုပေါင်းဆောင်ရွက်ကြစဉ်။ မြို့နယ်(ပြန်/ဆက်)





## ပန်းတောင်းမြို့နယ်၌ သတင်းရေးသားနည်းသင်တန်းဖွင့်လှစ်

ပန်းတောင်း စက်တင်ဘာ ၁၂

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့နံနက် ၁၀ နာရီက သတင်းရေးသားနည်းသင်တန်းဖွင့်လှစ်ရာ သင်တန်းသားသင်တန်းသူ ၂၈ ဦး တက်ရောက်သည်။

အဆိုပါသင်တန်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းသင်းအေးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ဦးစီးအရာရှိ ဒေါ်သင်းသင်းအေးနှင့် ဦးလပြည့်လင်းတို့က အခြေခံသတင်းရေးသားနည်းများ၊ သတင်းအမျိုးအစားများ၊ သတင်းရယူနည်းများ၊ သတင်းတည်းဖြတ်နည်းများ၊ သတင်းဓာတ်ပုံနှင့် ကျင့်ဝတ်ဆိုင်ရာများ စသည့်အကြောင်းအရာများကို ပြန်လည်မျှဝေသည်။

ထို့နောက် တက်ရောက်လာသော ဌာနဆိုင်ရာအသီးသီးမှ ဝန်ထမ်းများနှင့် စိတ်ပါဝင်စားသည့်ပြည်သူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကြပြီး သင်တန်းကာလ နှစ်ရက်ကြာဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၁၂-၉-၂၀၂၃ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

နဝကမ္မ

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၆၁၁၇။ | ကွယ်လွန်သွားသော မိဘများအားအမှူးထား၍ ဦးစိုးခိုင်ထွန်းနှင့်ဇနီး ဒေါ်မြင့်မြင့်ခိုင်၊ (သားကြီး) အေးမင်းထွန်း၊ (သားငယ်) ဗိုလ်ကြီးမြတ်ခိုင်ထွန်းမိသားစုကောင်းမှု | ၁၀၀၀၀၀၀၀ |
| ၆၁၁၈။ | ဦးအောင်ကြည်ဦး (မြန်မာလီဝေဝေ စားသောက်ကုန်လုပ်ငန်းလီမိတက်) | ၁၀၀၀၀၀၀၀ |
| ၆၁၁၉။ | ကွယ်လွန်သူ ဗိုလ်မှူးမောင်သောင်း(ငြိမ်း)အား ရည်စူး၍ ဇနီး ဒေါ်မြတ်မြတ်ထွေးမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၆၁၂၀။ | ဒေါက်တာဦးမြင့်သိန်းနှင့်ဇနီး ဒေါ်ခင်မျိုးဆက် မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၆၁၂၁။ | မိခင်ကြီး ဒေါ်စောမေနှင့် ဗိုလ်မှူးကြီးကျော်ကျော်ဦး(ငြိမ်း) နှင့်ဇနီး ဒေါ်အေးမေအောင်၊ (သား)မောင်အောင်ပြည့်ကျော်မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၆၁၂၂။ | ဦးဟန်ဗိုလ်ငြိမ်းနှင့်ဇနီး ဒေါ်နွယ်ဝေအောင် မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၆၁၂၃။ | ဦးဇော်လတ်ထွန်းနှင့်ဇနီး ဒေါ်ယုနန္ဒာ၊ (သမီးလေး) မအိမ့်ချစ်ငယ်မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၆၁၂၄။ | ဦးအောင်သူဟိန်း(မြို့နယ်တရားသူကြီး၊ ပန်းတနော် မြို့နယ်တရားရုံး)နှင့်ဇနီး ဒေါ်သက်သက်ခိုင်(မိတ္ထီလာတက္ကသိုလ်-ကထိက)၊ (သမီး) မသင်းသီရိအောင်မိသားစုကောင်းမှု | ၂၁၅၀၀၀ |
| ၆၁၂၅။ | ဗိုလ်ကြီးနိုင်လင်းနှင့်ဇနီး ဒေါ်ယဉ်ဝေလှိုင်သူ မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၆၁၂၆။ | တပ်ကြပ်ကြီး/စာရေး သင်တန်းအမှတ်စဉ်(၈၀)၏ ကျောင်းဆင်း(၃၅)နှစ်မြောက်အထိမ်းအမှတ်အလှူ | ၂၀၀၀၀၀ |
| ၆၁၂၇။ | ကွယ်လွန်သူနှစ်ဖက်သောမိဘများအားရည်စူး၍ ဦးကျော်မိုးအောင်နှင့်ဇနီး ဒေါ်မိုးသန္တာ (သား) မောင်ရဲရင့်ကျော်၊ မောင်ရှင်းသန့်ကျော်မိသားစုကောင်းမှု | ၂၀၀၀၀၀ |

နဝကမ္မ

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၆၁၂၈။ | ဦးထွန်းမျိုးထွဋ်နှင့်ဇနီး ဒေါ်လွင်လွင်မာ မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၆၁၂၉။ | ဦးစိန်ဝင်းအားရည်စူး၍ (သား) ဗိုလ်ကြီးနောင်နောင်ထွဋ်မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၆၁၃၀။ | ဦးကျော်ဇေယျဇော်နှင့်ဇနီး ဒေါ်လှိုင်ဇာဝင်း၊ (သမီး) မမေသဒ္ဒါချမ်းနှင့် မအလင်္ကာခွန်းချိမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၁၃၁။ | ဦးသန့်စင်နှင့်ဇနီး ဒေါ်ခင်မျိုးမြင့်၊ (သား) မောင်ကျော်ဇေယျာသန့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၁၃၂။ | ဦးမျိုးမြင့်နှင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၁၃၃။ | အင်ဂျင်နီယာမှူး ဦးစိုးလှိုင်အားရည်စူး၍ မိခင်ကြီး ဒေါ်သိန်းကောင်းမှု | ၁၀၀၀၀၀ |
| ၆၁၃၄။ | ကွယ်လွန်သူ ဒေါ်သောင်းအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၁၃၅။ | ဦးကျော်လွင်နှင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၁၃၆။ | အဘွား ဒေါ်သိန်းခင်အားရည်စူး၍ ကိုမျိုးမင်းလှိုင်၊ မကျော့ကျော့ခိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၁၃၇။ | ဦးခင်မောင်ထွေးနှင့်ဇနီး ဒေါ်အေးအေးသန်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၁၃၈။ | ဦးမျိုးမြင့်ဦးနှင့်ဇနီး ဒေါ်လဲ့လဲ့ဦး၊ (သား) မောင်သော်ဇင်ဦး၊ မောင်အောင်ဇင်ဦးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၁၃၉။ | ကွယ်လွန်သူ ဖခင် ဦးဘသန်းနှင့် မိခင် ဒေါ်မြကြည်၊ (သား)(ဦးသန်းလှ)နှင့်ဇနီး ဒေါ်ခင်နွဲ့မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၁၄၀။ | ကွယ်လွန်သွားသောနှစ်ဖက်မိဘများအားအမှူးထား၍ ဦးမြစိန်နှင့်ဇနီး ဒေါ်မြင့်မြင့်ကြည်မိသားစုကောင်းမှု | ၁၀၀,၀၀၀ |
| ၆၁၄၁။ | ဦးဝင်းနှင့်ဇနီး ဒေါ်မြအုန်းတို့အားရည်စူး၍ (သား) မောင်သန်းဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၁၄၂။ | ဒေါ်ခင်လတ်နှင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |

နဝကမ္မ

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၆၁၄၃။ | ဒုတိယဗိုလ်မှူးကြီးကျော်စိုး(ငြိမ်း) နှင့်ဇနီး ဒေါ်သန်းသန်းအေး၊ (သား) ဒေါက်တာအေးကျော်၊ (သမီး)မနီလာအောင်၊ မအင်ကြင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၁၄၄။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ဗိုလ်ကြီးဖြိုးဇော်ဦးနှင့်ဇနီး ဗိုလ်ကြီးအေးမြတ်ဟန်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၁၄၅။ | ဦးမြတ်ကျော်နှင့်ဇနီး ဒေါ်ကြည်ကြည်အုန်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၁၄၆။ | မြောက်ဥက္ကလာပမြို့နယ်၊ စစ်မှုထမ်းဟောင်းအဖွဲ့ ကောင်းမှု | ၁၀၀၀၀၀ |
| ၆၁၄၇။ | ကွယ်လွန်သူ ဒေါ်စန်းစန်းဝေအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၁၄၈။ | ဦးသန်းငွေနှင့်ဇနီး ဒေါ်ရွှေပို၊ သား၊ သမီး၊ မြေးများကောင်းမှု | ၁၀၀၀၀၀ |
| ၆၁၄၉။ | ကွယ်လွန်သူမိဘနှစ်ပါးအားရည်စူး၍ မခင်မျိုးမျိုးသန့်၊ ဦးနိုင်အောင်၊ မောင်နှမတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၆၁၅၀။ | ကွယ်လွန်သူ ဒေါ်စီစီဝင်းမြင့်(ခ)မမီးမီး အားရည်စူး၍ ဒုတိယအရာခံဗိုလ်သန့်ဇော်ဦး၊ (သား)အောင်ကျော်ခန့် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၁၅၁။ | ဦးအောင်ကြည်နှင့်ဇနီး ဒေါ်ဝင်းကြည်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၁၅၂။ | ဦးအောင်လင်းနှင့်ဇနီး ဒေါ်သန်းသန်းချို မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၁၅၃။ | ဦးစိုးနိုင်နှင့်ဇနီး ဒေါ်စိမ်းလဲ့နိုင်၊ (သမီး) ဗိုလ်ကြီးရွှေဝတ်ရည်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၁၅၄။ | ဦးကံဘော်နှင့်ဇနီး ဒေါ်မငယ်၊ (သမီး) မမြင့်သန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၁၅၅။ | ဦးထွန်းအောင်နှင့်ဇနီး ဒေါ်သန်းမြ၊ (သား) ဦးဇင်း ဦးဝိသုတ (သရက်တောကျောင်း)မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၁၅၆။ | ဦးမောင်ဝင်းနှင့်ဇနီး ဒေါ်ခင်မူမိသားစုကောင်းမှု | ၁၀၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး)** ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၁၆

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ်(၃၆၀)၊ မြေကွက်တည်နေရာအမှတ်(၃၆၀)၊ (၃)ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ်၊ ဦးခင် (AB-၀၆၃၅၅၉) အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်မြေအား အမည်ပေါက်ဦးခင် (ခင်ပွန်း)ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်တင်တင်ဦး [၁၂/ကမရ(နိုင်)၀၀၅၀၅၇]မှ တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ နိုင်ကတ်မူရင်း၊ ဂရန်မူရင်း၊ ခင်ပွန်းဖြစ်သူ၏သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဝန်ဆောင်ခတို့ တင်ပြပြီး၊ ပိုင်ဆိုင်၊ အရောင်းမြေပုံကူးလျှောက်ထားလာခြင်းအား ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင် ၂ထပ်အုတ်ခံ(၁)လုံးရှိပြီး လျှောက်ထားသူကိုယ်တိုင်နေထိုင်ပါသည်။ တစ်ခြမ်းတွင် RC ၂ထပ်(၁)လုံးရှိပြီးလျှောက်ထားသူ၏ ညီမဖြစ်သူနေထိုင်ကြောင်းနှင့် ကွင်းဆင်းစဉ် မြေပေါ်နေသူမရှိ၍ အိမ်သော့ဖွင့်ပြနိုင်ခြင်းမရှိပါသဖြင့် ဝန်ခံကတိတင်ပြရန် အကြောင်းကြားခဲ့ရာတွင် ဝင်စာအမှတ်-၉၈၄၅/၂၄-၈-၂၀၂၃ ဖြင့် ညီမဖြစ်သူနေထိုင်ခြင်းနှင့် ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက မိမိမှတာဝန်ယူပါကြောင်း ဝန်ခံကတိပြုတင်ပြလာပါသည်။ သို့ဖြစ်ပါ၍ ဒေါ်တင်တင်ဦးမှ ဂရန်မူရင်းတင်ပြ၍ ပိုင်ဆိုင်၊ အရောင်း မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

မော်လမြိုင်မြို့၊ အ.ထ.က(၂)၊ Grade-12 တွင် ပညာသင်ကြားနေသော မောင်တင်အေးခန့်၏ ဖခင်အမည်မှန်မှာ ဦးရာမရောင်း(ခ)ရမ်းဆွာမိ [၁၀/မလမ(နိုင်)၁၈၂၅၅၆]ဖြစ်ပါကြောင်း။

**ဦးရာမရောင်း(ခ)ရမ်းဆွာမိ**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်း ဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ကျုံကန်ကျေးရွာ အခြေခံပညာ အထက်တန်း တန်း(ခွဲ)၊ Grade-12 မှ မောင်လှခိုင်ဦး၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်လွင် ဖြစ်ပါသည်။

**ဦးခင်မောင်လွင်**

## ပျောက်ဆုံးကြောင်း

မောင်ရာဇာမင်း [၈/နမန(နိုင်)၂၀၃၆၁၅] ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph: 09-446677695**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက် (၁၄)၊ လူနေရပ်ကွက်-သဘော်ကျင်းရပ်ကွက်၊ မြို့ပတ်လမ်း၊မြေကွက်အမှတ်(၃၂)၊ အမှတ်(၁၆)၊ ရှိ(၂)ခန်းတွဲ (၅)ထပ်တိုက်မှ အကျယ်အဝန်း(၁၂ပေ၆လက်မx၅၀ပေ)ရှိ မြေညီထပ်တိုက်ခန်းနှင့် ရေမီးအကျိုးခံစားခွင့်အရပ်ရပ်နှင့် ဦးငြိမ်းမောင် [၁၂/ဒပန(နိုင်)၀၂၁၃၇၂] အမည်ပေါက် (၂၅ပေx၅၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေအားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဦးကျော်ကျော်ဝင်း [၁၄/မမန(နိုင်)၂၀၈၈၄၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၅)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်း အဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးသူရဝင်း(B.A, B.Sc(Hons), DBL(Credit), PGDL, LLB(Q), LLM (1st year)(Commercial Law), (WIPO) (Switzerland)**
**အထက်တန်းရှေ့နေ(စဉ်-၄၉၄၂၅)**
**အမှတ်(၂၇)၊ အောင်သပြေအရှေ့(၁)လမ်း၊ ၇(အရှေ့)ရပ်ကွက်၊ သာကေတမြို့နယ်။ ဖုန်း-၀၉-၄၂၁၀၁၈၄၆၅၊ ၀၉-၇၇၇၇၇၉၄၀၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ ဇမ္ဗူသီရိ (၃) လမ်း၊ မြေကွက်အမှတ် (၈၂၀)၊ အကျယ်အဝန်း (၄၀ ပေ x ၆၀ ပေ) ရှိ နှစ် (၆၀) ဂရန်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော အကျယ်အဝန်း(၃၀ ပေ x ၆၀ ပေ) မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဦးကျော်ဝင်း (MAG-၀၇၈၄၂၄) [၁၂/ဥကမ(နိုင်)၀၈၄၇၉၅]နှင့် ဒေါ်ခင်ပြုံးရီ [၁၂/ဥကမ(နိုင်)၀၅၉၇၀၁]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ဤအိမ်မြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်မျိုးမျိုးအေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၄၅၄)**
**အမှတ်-၉၄၂၊ ဦးကြင်ဥ(၁)လမ်း၊ (၃၂) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၃၃၀၉၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း(တောင်)ရပ်ကွက်၊ နန္ဒဝန်လမ်း၊ အမှတ်(၃၀)ဟုခေါ်တွင်သည့်မြေကွက်ပေါ်ရှိ (၂)ခန်းတွဲ(၆ထပ်)အဆောက်အဦ၏ (ညာဘက်ခြမ်း)၊ ဒုတိယထပ်(၃-လွှာ)၊ (အလျား၁၄ပေxအနံ၄၅ပေ)၊ အကျယ်အဝန်းရှိ တိုက်ခန်း(၁) ခန်းအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်သီတာကျော်[၁၂/ဗဟန(နိုင်)၀၄၈၃၈၁]မှ ဥပဒေနှင့်အညီ တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်မောင်ချစ်(စလင်း) LL.B** | **ဒေါ်မိုးယုနွယ်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇ )** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄)** |
| **Ph:09-954280932** | **LL.B, D.B.L, D.I.L, D.M.L,** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** | **WIPO(Switzerland)** |
| **(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | **Ph:09-420080932,09-983837110** |

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့၊ အောင်ချမ်းသာရပ်ကွက်၊ အကွက်အမှတ်(၂၅)၊ ဗိုလ်ချုပ်ရေနံစက်ကွက်၊ ဦးပိုင်အမှတ်-(၇+၈+၉)၊ ဧရိယာ(၁. ၂၄၀)ဧကရှိ မြေမှာ သန်လျင်မြို့၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဂရန်အမှတ်တွဲအမှတ်- RPNO- ၀၂၀/V/၂၀၁၇-၂၀၁၈(၁၄-၈-၂၀၂၀-၁၃-၈- ၂၀၃၀)အရ၊ ဦးလှကြည် အမည်ပေါက်ဂရန်မြေဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်ကြီးအား အကွက်ရိုက်ပြီး မြေကွက်အမှတ်(၁၄)၊ ဧရိယာ(၂၀x၆၀)ပေရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူ ပိုင်ဆိုင်ပြီး လွှဲပြောင်း၊ ရောင်းချ၊ ပိုင်ခွင့်ရှိကြောင်း ကတိပြုပြောဆိုသူ ဒေါ်ယုနွယ်ဝင်း(ဘ)ဦးလီယီဝင်း(ခ)ဦးနီ [၁၀/မလမ(နိုင်)၁၃၂၆၉၁] ကိုင်ဆောင်သူထံမှ ကျွန်ုပ်မိတ်ဆွေများဖြစ်သော ဦးစိုးသူရဟိန်းနှင့် ဒေါ်သိင်္ဂီဇော်တို့က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း၊ စာချုပ်စာတမ်း၊ ဂရန်မူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း မည်သူမဆို ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စိုးစိုးကြည်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၆၇)**
**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၅၁၈၅၁၆၇**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ကြည်စုရပ်ကွက်၊ ဘုရားလေး(၁)လမ်း၊ အမှတ်(၂၇၁)နေ ဒေါ်မြင့်ကြည် [၁၂/ဒပန(နိုင်)၀၀၆၂၂၉]၏ သားဖြစ်သူ မောင်သက်လွင်ဦး [၁၂/ဒပန(နိုင်)၀၀၅၁၄၃]သည် မိခင်ကြီး၏ ဆိုဆုံးမမှုများကိုမနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ခြင်း၊ မိသားစုဂုဏ်သိက္ခာကျဆင်းအောင် ပြုလုပ်ခြင်းများကြောင့် သားအဖြစ်မှ ရာသက်ပန် အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို (လုံးဝ) တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ကြောင်း၊ မိမိတို့နှင့် (လုံးဝ) သက်ဆိုင်ခြင်းမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)။

**ဒေါ်မြင့်ကြည်**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ် ၅၈၈-ဂ/၁၊ ဦးပိုင်အမှတ်-၇၁-ခ (ခဲစင်း)၊ ဧရိယာ(၀.၃၈)ဧက၊ ရန်-မန်းလမ်းပေါ်၊ စွယ်တော်ဘုရားမုခ်ဦး မျက်နှာချင်းဆိုင်ရှိ မြေကွက်အား ဦးစိုးလွင်[၉/အမရ(နိုင်)၀၂၉၂၈၂]က အစဉ်တစိုက်နေထိုင်လာကြောင်း တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ ဂရန်သစ်/ဦးပိုင်ခွဲလျှောက်ထားရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် အမှတ်တွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် ပပ-၁၁၊ ဦးပိုင်အမှတ်(၁၇)၊ ၆၀x၆၁ လမ်းကြား၊ ၁၃၄x၁၃၅ လမ်းကြား မြေကွက်အား တောဂရန် အမှတ်တွဲအမှတ်(၄၅၂၂/၉၀-၉၁)အရ ဒေါ်အုံးမြ မှတ်ပုံတင်အမှတ်-EMDY-၂၆၄၁၁၀ အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန်။ ဦးငွေပေါ မှတ်ပုံတင်အမှတ် [၉/ပကခ(နိုင်)၀၀၇၃၀၉]မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ပြင်ဆင်ဖတ်ရှုပါရန်

(၁၀-၉-၂၀၂၃)ရက်နေ့ ကြေးမုံသတင်းစာ၏ ကြော်ငြာချက်စာမျက်နှာ(၃၀)တွင် ပါရှိသော အထက်တန်းရှေ့နေ ဒေါ်မျိုးမဋ္ဌူ၏ အများသိစေရန်ကြော်ငြာ ချက်တွင် မြေတိုင်း(၂) အစား မြေတိုင်း(၅)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကဥ္စဏမဟီရပ်ကွက်၊ အကွက်အမှတ် ၆၃၃၊ ဦးပိုင်အမှတ် (၃၉-ခ+၄၀)၊ (၃၃ x ၃၄)ကြား၊ (၇၆x၇၇)လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဦးဘအောင်[၉/မရမ(နိုင်)၀၁၆၅၄၃]၊ ဒေါ်နန်းရွှေအုံ[၉/မရမ(နိုင်)၀၁၆၅၄၂]၊ ဒေါ်နန်းရွှေကြည်[၉/မရမ(နိုင်)၀၁၆၅၄၄] တို့က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

**ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်နေ အောင်သုခကိုယ်ပိုင်အထက်တန်းကျောင်း Grade (12)တန်းမှ မသဲသဲလင်း၏ ဖခင်အမည်မှန်မှာ ဦးမျိုးအောင် [၁၂/လမန(နိုင်)၀၆၇၅၉၅] ဖြစ်ပါကြောင်း။**

## အများသိစေရန် ကြေညာခြင်း

**တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ မြောက်ရွာရပ်ကွက်၊ ဆေးရုံလမ်း၊ အမှတ်-၅၄၂၊ ဦးပိုင်အမှတ်-၅၅၊ အကွက်အမှတ်-၄၁၊ မြေမျိုးနှင့်အတန်း-အိမ်ရာမြေ၊ ဧရိယာ(၀.၀၂၈)ဧကရှိ ဒေါ်စီညီမေ အမည်ပေါက်မြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်နှစ်ထပ်တိုက် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်**အားလုံးကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သီသီအေး [၆/ထဝန(နိုင်)၀၁၄၉၇၅]မှ ဝယ်ယူပိုင်ဆိုင် နေထိုင်အသုံးပြုလျက်ရှိပြီး အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းထားခြင်း၊ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်းများ မရှိသည့်အပြင် ကျွန်ုပ်၏မိတ်ဆွေတစ်ဦးတည်းကသာ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသော အိမ်ခြံမြေဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးအေးမင်းဇော်** | **ဦးကျော်မင်းနိုင်** |
| **အထက်တန်းရှေ့နေ (စဉ်-၄၈၉၃၉)** | **အထက်တန်းရှေ့နေ (စဉ်-၄၈၈၈၀)** |

**အမှတ်(၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ခ ရပ်ကွက်၊ အကွက်အမှတ် သ-၉၊ ဦးပိုင်အမှတ်(၁၃)၊ ၆၄ x ၆၅ ကြား၊ ၁၁၅ x ၁၁၆ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ကျောင်းဇီ[၁၃/လရန(နိုင်)၀၅၀၉၇၅]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၂၂၅၀/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးထွန်းအောင်[၁/မမန(နိုင်)၀၃၁၇၇၃]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ခ ရပ်ကွက်၊ အကွက်အမှတ် သ-၉၊ ဦးပိုင်အမှတ်(၁၂)၊ (၂၁)၊ ၆၄ x ၆၅ ကြား၊ ၁၁၅ x ၁၁၆ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူခင်ပွန်း ဦးလော်ရှောက်ချိုင်(ခ)တင်အောင်ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၃၄၅၀/၂၀၁၉)ဖြင့် အမွေဆက်ခံခဲ့သည့် ကျန်ရစ်သူဇနီး ဒေါ်ကျောင်း ဇီ[၁၃/လရန(နိုင်)၀၅၀၉၇၅]ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၂၂၅၀/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးထွန်းအောင်[၁/မမန(နိုင်)၀၃၁၇၇၃]က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်း အဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း၊ ပုလဲကွန်ဒို၊ တိုက်အမှတ်-E၊ အခန်းအမှတ်(၁၀၄)၊ ပထမထပ်၊ (၁၁၀၀) စတုရန်းပေ အကျယ်ရှိ ကွန်ဒိုတိုက်ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မူလပိုင်ရှင်ထံမှ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထားသူ ဦးနိုင်မျိုးဆန်း [၁၂/မရက(နိုင်)၁၁၅၀၆၈] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီး မြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ- တရားလွှတ်တော်ရှေ့နေများ**

| | |
|---|---|
| **ဒေါ်ကျင်စန်း (စဉ်-၄၄၅၇)** | **ဦးအောင်နိုင် (စဉ်-၇၂၈၃)** |
| **ဒေါ်စုမြတ်နွယ် (စဉ်-၁၆၆၈၅)၊** | **ဒေါ်သီရိတင်သန်း (စဉ်-၁၄၆၁၇)** |

**အမှတ်-၄၅၊ ပြည်လမ်း၊ တော်ဝင်စင်တာ၊ ဒုတိယထပ်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၅၀၃၉၈၄၃၄၊ ၀၉-၄၅၃၃၈၂၂၉၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် (၅၂)၊ မြေကွက်အမှတ်(၃၀၀)၊ အကျယ်အဝန်း (၅၀ပေ x ၆၀ပေ)ရှိသည့် မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ပါမစ်အမည်ပေါက်ပိုင်ရှင် ဦးထွန်းထွန်းဦး(HGU-၀၈၃၇၃၅)ဟု မှတ်သားတည်ရှိပြီး ယင်းမြေကွက်အနက် အကျယ်အဝန်း (အလျား၂၄ပေxအနံ ၆၀ပေ)ရှိ ပါမစ်မူရင်းခြမ်း(ခေါင်းရင်းခြမ်း)အား ဦးရဲထွန်း [၁၂/လကန(နိုင်)၀၈၆၂၅၉]မှ အဆက်အစပ်စာချုပ်များဖြင့် တရားဝင်လက်ရောက် ပိုင်ဆိုင်ထားပြီး ၎င်းမှ ရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံလျက်ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်တို့မှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယခုအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာရွက်စာတမ်း မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မောင်အောင်မင်းသိုက်(ဖုန်း-၀၉-၅၀၀၃၀၂၀)**
**ဒေါ်တင်မမတိုး(ဖုန်း-၀၉-၅၁၅၈၁၇၄)**
**အမှတ်(၁၂၀၆)၊ လက်ဝဲမင်းဒင်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၆၊ မြေကွက်အမှတ်-၈၀၃/ခ၊ မြေကွက်တည်နေရာအမှတ်-၈၀၃/ခ၊ ကုန်းဘောင် (၁၂)လမ်း၊ ၆-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်ကျင်ငွေ [၁၂/ဥကတ(နိုင်) ၀၅၄၃၂၃] အမည်ပေါက် နှစ် (၆၀) မြေငှားဂရန်အမည်ပေါက် ဒေါ်ကျင်ငွေ (မိခင်)နှင့် ဦးသန်းဆိုင် (ဖခင်) တို့ ကွယ်လွန်ပြီး မွေးဖွားသား/သမီး (၄)ဦးတွင် သားတစ်ဦးဖြစ်သူ ဦးမင်းစိုး (ညီ+မောင်)သည် လူပျိုဘဝဖြင့် ကွယ်လွန်သဖြင့် ဦးဝေလင်း [၁၂/ဥကတ(နိုင်) ၀၅၄၂၄၀]၊ ဒေါ်စန္ဒာသန်း [၁၂/ဥကတ(နိုင်)၀၅၈၁၂၄]၊ ဒေါ်မူမူအေး [၁၂/ဥကတ(နိုင်)၁၃၉၆၆၀]တို့မှ ကျန်ရှိ သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂) စောင်၊ ဂရန်၊ နိုင်/ကတ်၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်းများ၊ ဝန်ဆောင်ခတို့တင်ပြ၍ (ပိုင်ဆိုင်+အရောင်း) မြေပုံလျှောက်ထားလာခြင်းအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်၊ လလ-၃၉၊ ဦးပိုင်အမှတ်(၈၃)၊ ၁၄၀x၁၄၁ကြား၊ ၅၅x၅၄ကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ တပ်ကြပ်ဟုတ်ကြည်[၁၂/အစန(နိုင်)၀၀၅၇၇၆]၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၂၉၄၈/၂၀၁၄)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမောင်ကြီး(ခ)ဦးစိုးမြင့်(ခ)ဦးသန်းညွန့် [၉/မရမ(ဧည့်)၀၀၀၂၀၁]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် လလ-၃၉၊ ဦးပိုင်အမှတ်(၈၂)၊ ၁၄၀ x ၁၄၁ကြား၊ ၅၅x၅၄ကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒုတပ်ကြပ်မြဝင်း[၁၂/အစန(နိုင်)၀၀၆၆၉၄]၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၂၂၆၉/၂၀၁၄)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမောင်ကြီး(ခ)ဦးစိုးမြင့်(ခ)ဦးသန်းညွန့်[၉/မရမ(ဧည့်)၀၀၀၂၀၁]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ် အ-၂၂၊ ဦးပိုင်အမှတ် (၄၃)၊ ၆၈x၆၇ လမ်းကြား၊ မင်းကြီးရန်နောင်xမင်္ဂလာလမ်းကြား မြေကွက်အား တောဂရန်အမှတ်တွဲအမှတ်(၅၄၄/၉၀-၉၁)အရ ဦးအုန်းကျော် မှတ်ပုံတင်အမှတ်[၉/မနတ(နိုင်)၀၇၆၀၇၅] အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင်အတည်ပြုမှတ်သားပေးပါရန်။ ဒေါ်အုန်းတင့် မှတ်ပုံတင်အမှတ်[၉/မရတ(နိုင်)၀၄၃၁၉၁]မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ် အ-၂၂၊ ဦးပိုင်အမှတ်(၆၅)/၆၇ x ၆၈ ကြား၊ မင်းကြီးရန်နောင်လမ်းနှင့် မင်္ဂလာလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဉာဏ်ထွန်း [၉/မနတ(နိုင်)၀၂၈၉၃၉]က မြေကွက်၏ဂရန်မူရင်း၊ မြေချမိန့်မူရင်း၊ ငွေသွင်းပြေစာမူရင်းတို့မှာ အသိမ်းလွန်၍ ပျောက်ဆုံးနေကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များ တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်နှင့် အမှတ်တွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးရန် ဂရန်အမည်ပေါက် ဦးမြင့်ကြည် (ISN-406922)သို့ အကြောင်းကြားခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ လူနေရပ်ကွက်အမှတ်(၁၁)၊ ရာဇသင်္ကြန်(၁)လမ်း၊ အမှတ်(၄၈/ခ)၊ မြေအကျယ်ဧရိယာ (၆၀ပေ x ၂၀ပေ) (၁၂၀၀စပေ) ဦးမြင့်ကြည် (ယခုနေရပ်လိပ်စာမသိ) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ငွေငွေသက် [၁၂/ဥကတ(နိုင်)၀၁၄၅၆၆]က ၂၀၀၉ ခုနှစ်တွင် ဆက်နွယ်စာချုပ်များအရ ဝယ်ယူပိုင်ဆိုင်နေထိုင်ခဲ့ပြီး ယခုအခါ မြေအမည်ပေါက် ဆောင်ရွက်မည်ဖြစ်ပါသဖြင့် မှတ်ပုံတင် စာချုပ်ချုပ်ဆိုပေးပါရန် အကြောင်းကြားပါသည်။

ဤကြော်ငြာချက်သတင်းစာတွင်ပါပြီးနောက် (၇)ရက်အတွင်း (၂၀-၉-၂၀၂၃)နေ့ နောက်ဆုံးထားပြီး ကျွန်ုပ်တို့ထံသို့လည်းကောင်း၊ ကျွန်ုပ်မိတ်ဆွေထံသို့လည်းကောင်း၊ ဆက်သွယ်ဆောင်ရွက်ပြုလုပ်ပေးပါရန် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်။ သတ်မှတ်ရက်အတွင်း တစ်စုံတစ်ရာ ဆက်သွယ်ဆောင်ရွက်ပြုလုပ်ပေးခြင်းမရှိပါက ဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်ငွေငွေသက်** | **ဦးရဲမာန်အောင်(LL.B)** |
| **အမှတ်(၄၈/ခ)၊ ရာဇသင်္ကြန်(၁)လမ်း၊** | **အထက်တန်းရှေ့နေ(စဉ်-၃၀၉၉၁)** |
| **(၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊** | **အမှတ် (၁၃၇၇/ခ)၊ ဘုရင့်နောင်လမ်း၊** |
| **ရန်ကုန်မြို့။** | **(၄၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)** |
| | **မြို့နယ်။ ဖုန်း - ၀၉-၄၄၅၁၈၅၄၁၈** |

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာနမှ အောက်ဖော်ပြပါ တင်ဒါများအား (မြန်မာကျပ်ငွေ) ဖြင့် တင်ဒါခေါ်ဆိုလိုပါသည်-

| စဉ် | တင်ဒါအမှတ် | စီမံကိန်း/လုပ်ငန်းအမည် |
|---|---|---|
| က | 34(T)/DPTSC(Civil)/23-24 | မြို့ပြဆိုင်ရာတည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော သံချောင်းလုံး ဆိုဒ်စုံ စုစုပေါင်း(၁၄၉.၃၃)တန် ဝယ်ယူခြင်း။ |
